# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မောင်တို့၊ မယ်တို့အနေဖြင့် ပါတီနိုင်ငံရေးကင်းစင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ရှောက် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။




မြန်မာ့အလင်း

# ပြည်ထောင်စုသားသမီးတို့ တာဝန်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅)နှစ်သင်တန်း အမှတ်စဉ်(၄) တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၇၂ ဦးတို့ သင်တန်းဆင်းကြတော့မည်ဖြစ်သည်။ သူတို့သည် နိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်ဒေသအသီးသီးမှ လာရောက်ခဲ့ကြပြီး အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးတွင် ပညာရည်နို့ အတူတကွ သောက်စို့ခဲ့ကြသော ပြည်ထောင်စုကြီး၏ သားငယ် သမီးငယ်များ ဖြစ်ကြသည်။ တိုင်းရင်းသားမျိုးနွယ်စု ၄၆ မျိုးမှ တိုင်းရင်းသား တိုင်းရင်းသူ လူငယ်များသည် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် လာရောက်ဆုံစည်းခဲ့ကြခြင်းဖြင့် ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် သံယောဇဉ်တရားနှင့် မိသားစုသဖွယ် ရင်းနှီးချစ်ခင်မှုများလည်း ရရှိခဲ့ကြပြီးဖြစ်သကဲ့သို့ မိမိတို့၏ ဇာတိရပ်ရွာများသို့ ပြန်လည်သွားရောက်ပြီးနောက် တာဝန်များကို အသီးသီးထမ်းဆောင်ကြသည့်အခါတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို ထပ်ဆင့် ဖြန့်ဝေပေးကြလိမ့်မည်ဟု ယုံကြည်မိသည်။

"ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့် နေရာမျိုးဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်ကြသည့် လူကောင်းလူတော် နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅) နှစ်သင်တန်းအမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်သည့်အတွက် သင်တန်းဆင်းပြီးသည့်နောက်တွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ မိမိတို့၏ တပည့်များကို သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကိုသာ သင်ကြားရုံမက အသိအလိမ္မာနှင့် ဗဟုသုတများကိုပါ သင်ကြားပေးကြရမည်ဖြစ်ရာ ဆရာ ဆရာမများကိုယ်တိုင် ပြည့်စုံနေစေရန် ဖြည့်ကျင့်နေကြဖို့ လိုအပ်မည်ဖြစ်သည်။ တပည့်များကောင်းရန်၊ တော်ရန်၊ နိုင်ငံသားကောင်းများဖြစ်လာစေရန်မှာ ၎င်းတို့ကို လမ်းညွှန်လမ်းပြမည့်၊ ပုံသွင်းမည့် ဆရာ ဆရာမတို့၏ ကျွမ်းကျင်လိမ္မာမှုက အဓိကကျသည်။ ၁၉၆၄ ခုနှစ်တွင် ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ပစ္စုပ္ပန်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဖြစ်လာခဲ့သည်အထိ မဟာဘွဲ့၊ ဘွဲ့၊ ဒီပလိုမာနှင့် ဆရာအတတ်သင်အားလုံး စုစုပေါင်း ၁၃၇၈၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့သလို ထူးချွန်ထက်မြက်သည့် ပညာရှင်များ မွေးထုတ်ပေးခဲ့သည့်အလျောက် နိုင်ငံ့တာဝန်များကို အဆင့်မြင့်မြင့်မားမား ထမ်းဆောင်နေကြသူများလည်း ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး နိုင်ငံအတွက် အစဉ်ထာဝရ အရေးကြီးသည့်အချက်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ မျက်မှောက်ကာလ ရင်ဆိုင်နေရသည့် ပြည်တွင်းပြည်ပ အန္တရာယ်များတွင် ပြည်ထောင်စုစည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးရေးအတွက် နည်းမျိုးစုံဖြင့် ဖျက်ဆီးနေကြသည်များကို အထူးဂရုပြု၍ တားဆီးကာကွယ်နိုင်ကြရန် လိုအပ်သည်။ အထူးသဖြင့် တိုင်းရင်းသားများ၏အကျိုးကို လိုလားသယောင်နှင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း အမုန်းပွားရေး၊ သံသယများ ကြီးထွားရေး တစိုက်မတ်မတ်ပြုလုပ်နေမှုများကို လူမှုကွန်ရက်များအပါအဝင် နည်းပညာများသုံးစွဲ၍ ပြုလုပ်နေကြကြောင်း တွေ့ရှိရသည့်အတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများတွင် မူလတာဝန်များအပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကိုပါ အမျိုးသားရေးအဖြစ် ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မိပါကြောင်း။ ။

# တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်အချို့အား Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၅၁၉/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်**
**(၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာမြို့နယ်များမှ ရောဂါကူးစက်မှုများပြားသော မြို့နယ်များအတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်း နေထိုင်သည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော(၁၄)ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှ တစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ Stay at home အစီအစဉ်ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူစစ်ဆေးရာတွင်လည်း လွန်ခဲ့သော (၁၄)ရက်အတွင်း ထပ်မံတွေ့ရှိရမှုလျော့နည်းလာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များမှနေထိုင်သော ပြည်သူများအနေဖြင့် ၂၀-၁၁-၂၀၂၀ ရက်၊ နံနက်(၄)နာရီအချိန်မှစ၍ မိမိနေအိမ်တွင်နေထိုင်ရန် Stay at home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

**(က) ကချင်ပြည်နယ်**
  (၁) ဖားကန့်မြို့နယ်။
**(ခ) စစ်ကိုင်းတိုင်းဒေသကြီး**
  (၁) ကွန်းလှမြို့နယ်၊
  (၂) မုံရွာမြို့နယ်။
**(ဂ) မကွေးတိုင်းဒေသကြီး**
  (၁) တောင်တွင်းကြီးမြို့နယ်၊
  (၂) မကွေးမြို့နယ်၊
  (၃) မင်းဘူးမြို့နယ်၊
  (၄) ဆင်ပေါင်ဝဲမြို့နယ်၊
  (၅) မင်းတုန်းမြို့နယ်၊
  (၆) မင်းလှမြို့နယ်၊
  (၇) သရက်မြို့နယ်၊
  (၈) အောင်လံမြို့နယ်။
**(ဃ) မန္တလေးတိုင်းဒေသကြီး**
  (၁) ပြင်ဦးလွင်မြို့နယ်။
**(င) ရောဝတီတိုင်းဒေသကြီး**
  (၁) ပုသိမ်မြို့နယ်။

၄။ အထက်ပါမြို့နယ်များအား Stay at home အစီအစဉ်မှ ပယ်ဖျက်ပြီးနောက်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာကြရမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်လေးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် အိုးခွံ ၁၄၆၈ ခု၊ အောက်ဆီဂျင် (Plant) သုံးခုနှင့် နှာခေါင်းစည်း(Mask) သုည ဒသမ ၂၈ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင် (Plant) သုံးခုမှာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်(Plant) သယ်ဆောင်ရေးယာဉ်များ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❏ ရှေ့ဖုံးမှ

မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ ညွန့်ဖေနှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူ ၇၂ ဦးတို့ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူ ၂၀၀တို့သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်လုံခန်းမတို့မှ Video Conferencing ဖြင့် တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့်လူငယ်များ ဖြစ်လာစေရန်၊ ပါတီနိုင်ငံရေး ကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်ရေးကိုရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန် စသည်တို့ပင်ဖြစ်ကြောင်း။

**❏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ မဟာပညာရေးဘွဲ့၊ မဟာဒဿနဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာ၊ အလယ်တန်းဆရာအတတ်သင်၊ မူလတန်းဆရာအတတ်သင်၊ အထူးမူလတန်းဆရာအတတ်သင်၊ စုစုပေါင်း ၁၃၇၈၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်**

**❏ အခြေခံကျောင်းများ ဖွင့်လှစ်မှုရလဒ်အပေါ်မူတည်ပြီး တက္ကသိုလ်များကိုလည်း အဆင့်လိုက် စတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိ၊ လက်ရှိအခြေအနေတွင် အဆိုပါကိစ္စများအား နားလည်သဘောပေါက်ခြင်းမရှိသည့်သူများသည် ကျောင်းများကို ပြန်မဖွင့်နိုင်ရန်နှင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယနေ့အထိ မဟာပညာရေးဘွဲ့၊ မဟာဒဿနဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာ၊ အလယ်တန်းဆရာအတတ်သင်၊ မူလတန်းဆရာအတတ်သင်၊ အထူးမူလတန်းဆရာအတတ်သင်၊ စုစုပေါင်း ၁၃၇၈၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော် တက်ရောက်သင်တန်းဆင်းခဲ့ကြပြီး ဖြစ်သကဲ့သို့ ယခု သင်တန်းဆင်းကြမည့် ကျောင်းသား၊ ကျောင်းသူ ၂၇၂ ဦးသည်လည်း တိုင်းရင်း သားမျိုးနွယ်စု ၄၆ မျိုးမှ တိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်များ စုံစုံလင်လင်ပါဝင်ကြောင်း သိရသည့်အတွက် များစွာဝမ်းသာအားရ ဖြစ်မိပါကြောင်း။

### ကျောင်းများပြန်လည်ဖွင့်လှစ်

ပညာရေးကဏ္ဍနှင့် သင်တန်းဆင်းသူများ၏ တာဝန်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စစ်ဆေးရာမှ ပိုးတွေ့လူနာတွေ့ရှိမှု ရာခိုင်နှုန်းများသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်များရှိ စာသင်ကျောင်းများမှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာကျောင်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ပါကြောင်း၊ အခြေခံကျောင်းများ ဖွင့်လှစ်မှုရလဒ်အပေါ်မူတည်ပြီး တက္ကသိုလ်များကိုလည်း အဆင့်လိုက် စတင်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် အဆိုပါကိစ္စများအား နားလည်သဘောပေါက်ခြင်းမရှိသည့်သူများသည် ကျောင်းများကို ပြန်မဖွင့်နိုင်ရန်နှင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

### အခွင့်အရေးတစ်ရပ်ဖြစ်

ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်လည်းဖြစ်ကြောင်း၊ ကုလသမဂ္ဂက ချမှတ်ထားသည့် ကလေးသူငယ်များအခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်သည် ထိပ်ဆုံးကပါဝင်ကြောင်း၊ ကျောင်းမတက်ရေးတားမြစ်ခြင်းသည် ကုလသမဂ္ဂ၏ ကလေးသူငယ်များအခွင့်အရေးကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ မိဘများနှင့် ဆရာ၊ ဆရာမများ အပါအဝင် တာဝန်ရှိသူများအားလုံးသည် ကျောင်းနေအရွယ် ကလေးများကို ပညာသင်ကြားခွင့်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုး ဖြစ်ရန်လိုကြောင်း၊ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ လူမှုပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်ကြသည့် လူကောင်းလူတော် နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

### ဆရာ့ကျင့်ဝတ်နှင့်အညီ သင်ကြား

ထို့ကြောင့် မောင်တို့၊ မယ်တို့သည် လူငယ်များ လမ်းမှားမရောက်စေရန်၊ ပညာရေးတစ်ပိုင်းတစ်စဖြင့် အနာဂတ်ဘဝများ မပျောက်ပျက်စေရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်း မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေးဆိုသည့် မူဝါဒများနှင့်အညီ တိုင်းရင်းသားလူငယ်များကို စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် သင်ကြားလေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်၏မူဝါဒသည် ပညာသင်ကြားနိုင်သူအားလုံး အခြေခံပညာအလယ်တန်းအဆင့် (KG +9) ကို တတ်မြောက်အောင် သင်ကြားရေးပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းနေသူအားလုံးသည် အနည်းဆုံး KG+9 အထိ တက်ရောက်သင်ကြားရေး တာဝန်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားပေးသည့် နေရာတွင်လည်း အတန်းအောင်ရန်၊ စာမေးပွဲအောင်ရန်ထက် အမှန်တကယ်စာတတ်ရန်၊ ပညာတတ်ရန် ဆရာ့ကျင့်ဝတ်နှင့်အညီ သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ထို့ပြင် မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာကြံ့ခိုင်သည့် လူငယ်များ ဖြစ်လာစေရန် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးကြရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပင် ဖြစ်ကြောင်း၊ ယခုအချိန်၌ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်တွေ့နေရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးအတွက် လုပ်ငန်းလမ်းညွှန်များကို တိတိကျကျလိုက်နာကြရန်၊ အသိပညာပေးကြရန် လိုအပ်ကြောင်း။

**လေ့ကျင့်ပြုစုပျိုးထောင်ပေး**

နိုင်ငံ၏ အနာဂတ်လှပရန်အတွက် လူငယ်များသည် ကိုယ်ကျန်းမာရုံသာမက စိတ်ကျန်းမာရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား လူငယ်လေးများကို ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များဖြစ်စေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် အလေးအနက် မှာကြားလိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နှင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုအတွင်း၌ အေးအတူပူအမျှ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နေထိုင်ခဲ့ကြကြောင်း၊ ထိုသို့နေထိုင်ကြရင်းဖြင့် နယ်ချဲ့လက်အောက်ကို ကျရောက်သွားသည့်အချိန်တွင် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် မိမိတို့တိုင်းရင်းသားများအားလုံး အတူတကွ လက်တွဲတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ယှဉ်တွဲပေါ်ပေါက်လာသည့် တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း သမိုင်းကြောင်း၏ တောင်းဆိုမှုအခြေအနေများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် မလွှဲမရှောင်သာသည့် အခြေအနေများကြောင့် ပါဝင်ဆောင်ရွက်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ယာယီထိန်းသိမ်းပေးနေခြင်းဖြစ်**

ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့် တစ်ပါတီအာဏာရှင်စနစ်တည်ဆောက်ရန် အစမ့်ဆောင်ရွက်ခဲ့ပြီး စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှသွေဖည်သည့် အခြေအနေများနှင့် နိုင်ငံတော်အတွက် အန္တရာယ်ကျရောက်နိုင်မည့် အခြေအနေများ ပေါ်ပေါက်လာခဲ့သည်ကို မောင်တို့မယ်တို့ အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ပေးအပ်လာခြင်းကြောင့် တပ်မတော်က ကြားကာလအခြေအနေကို ယာယီထိန်းသိမ်းပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူခဲ့သည့်အချိန်ကစပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်အတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက် နံပါတ်(၁) တွင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး" ဟု ချမှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်လာရေးအတွက် တပ်မတော်အနေနှင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားပြီး ဖြစ်သည်ကို အလေးအနက်ထားပြောကြားလိုကြောင်း၊ ထိုသို့စစ်မှန်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့် အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ကြောင်း၊ ယခု လတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲသည့် အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ CRPH, NUG, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမလောင်းများဖြစ်သည့်အတွက် မိမိကိုယ်တိုင်က နိုင်ငံ့သားကောင်းစိတ်ဓာတ် မွေးမြူထားရှိရန် လိုသကဲ့သို့ မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံ့သားကောင်း(Good Citizen) များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံ့သားကောင်းဆိုသည်မှာ မိမိနေထိုင်သည့် လူ့ဘောင်အဖွဲ့အစည်းအကျိုးစီးပွားအတွက် နိုင်ငံသားများ ထမ်းဆောင်ရမည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် တတ်စွမ်းသမျှ ကြိုးစားသည့် နိုင်ငံသားများကို ဆိုလိုခြင်းဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

နိုင်ငံ့သားကောင်းဆိုင်ရာနှင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ ပြောကြားရာတွင် ထို့ပြင် မိမိတို့တာဝန်ကျရာဒေသများမှ တိုင်းရင်းသားလူငယ်များကို နိုင်ငံက အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း မှာကြားလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံအတွင်းတွင်ရှိသည့် ငွေကြေးအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူ့အရင်းအမြစ် အင်အားဆိုသည့် အရင်းအမြစ်သုံးခုကို ထိထိရောက်ရောက် စုစည်းအသုံးပြုရမည် ဖြစ်ကြောင်း၊ အဆိုပါအရင်းအမြစ်သုံးခုတွင် အဓိကအကျဆုံးမှာ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ခန့်မှန်းတွက်ချက်ထားမှုများအရ ၂၀၂၁ ခုနှစ် ခန့်မှန်းလူဦးရေ၏ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိနိုင်မည့် လူဦးရေကို ၁၈ သန်းကျော်ခန့်ဟု ခန့်မှန်းတွက်ချက်ထားသည့်အတွက် နိုင်ငံ့လူဦးရေ၏ ၃၃ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းလူ့စွမ်းအားအရင်းအမြစ်များသည် အရည်အချင်းပြည့်ဝပြီး နိုင်ငံသားကောင်းစိတ်ဓာတ်နှင့် နိုင်ငံ့အကျိုးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံသည် အလျင်အမြန်တိုးတက်လာမည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က အမှတ်တရ လက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

# နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ''ပညာပြည့်ဝ၊ နှလုံးလှသော'' နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

လူ့စွမ်းအား အရင်းအမြစ်များကို အဓိကလေ့ကျင့်ပျိုးထောင်ပေးရမည်မှာ မောင်တို့၊ မယ်တို့ ပညာရေးဝန်ထမ်းများပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု မျှတမှုရှိမှသာ ယုံကြည်မှုပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်ကစပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မျှော်မှန်းဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံရေးဦးတည်ချက်သည်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" ဆိုသည့်အချက်ကို ထည့်သွင်းချမှတ်ထားခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှ မိမိတို့တိုင်းရင်းသားများမျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ **"ပြည်ထောင်စုစိတ်ဓာတ်"** ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို မိသားစုတစ်စုတည်း၊ အိမ်ထောင်စုတစ်ခုတည်းဟု စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထားသည့် သဘောထားခံယူချက်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်း စာနာထောက်ထားခြင်းနှင့် နားလည်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သည့် အခြေခံကောင်းများဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အထူးအလေးထား မှာကြားလိုကြောင်း။

**နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်လို**

နိုင်ငံ့ဝန်ထမ်းကောင်းဆိုင်ရာနှင့် ပတ်သက်၍ ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် ခေတ်စနစ်နှင့် လျော်ညီစွာ အကောင်အထည်ဖော်ကြရမည့်သူများဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် ပါတီနိုင်ငံရေးကင်းစင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ရှောက်ကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်း၊ **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မောင်တို့၊ မယ်တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း မိမိတို့တာဝန်ကျရာနယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ကြရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားများအကြား ထွန်းကားပြန့်ပွားအောင်လည်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများဖြစ်ထွန်းလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ပညာရေးကဏ္ဍတိုးတက်မြင့်မားရန် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများနှင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ ပညာတတ်သည့် မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရေးသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ကျောင်းသား ကျောင်းသူများကိုယ်စား ကယားတိုင်းရင်းသူ မဆုမြတ်နိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က အမှတ်တရ လက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၂၂ )**
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍**
**ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို မှတ်ပုံတင်အမှတ် (၄၂)၊ ၂၄-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၅/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ၏ ၂၃-၈-၂၀၂၂ ရက်စွဲပါစာဖြင့် နိုင်ငံရေးပါတီကို ဖျက်သိမ်းကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ၁၆-၁၁-၂၀၂၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

**(သိန်းစိုး)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အကြမ်းဖက်မိစ္ဆာ PDF ၊ နိုင်ငံတော်အတွက် ဝိုင်းဝန်းတိုက်ဖျက်

## မင်းချင်းကြိုင်

ယနေ့ ကျွန်ုပ်တို့ရဲ့ လူ့ဘောင်ကြီးဟာ ရေးရာစုနှစ်ပေါင်းများစွာ ကြာရှည်ခဲ့ပါပြီ။ လူဆိုတာ တစ်ဦးတစ်ယောက်တည်း သင်းကွဲနေလို့ မရပါဘူး။ နေလည်းမနေခဲ့ကြပါဘူး။ အသိုက်အဝန်းဖွဲ့ပြီး နေလာခဲ့ကြတာပါ။ ယခုလို လူ့ဘောင်အဖွဲ့ကြီး ရာစုနှစ်ပေါင်းများစွာ နေထိုင်နိုင်ခဲ့ခြင်းဟာ စာနာစိတ်နဲ့ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားကြောင့်လို့ဆိုရင် မှားမည်မထင်ပါဘူး။ လူနဲ့ တိရစ္ဆာန် ကွာခြားချက်လည်း အဲဒီအချက်နှစ်ချက်ပါပဲ။ တိရစ္ဆာန်တွေမှာ စာနာစိတ်နဲ့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားဆိုတာ မရှိပါဘူး။ မိမိဘဝ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် သတ်ဖြတ်ကြတယ်။ ကြီးနိုင်ငယ်ညှဉ်း ပြုကြပါတယ်။ ဥပမာ– ဥသြငှက်ဆိုကြပါစို့။ ဥသြငှက်ဆိုတာ ကိုယ်ပိုင်အသိုက်အမြုံ မဖွဲ့ကြပါဘူး။ အခြားတိရစ္ဆာန်တို့ရဲ့ အသိုက်အမြုံမှာ ဥချလေ့ရှိပါတယ်။ မူလပိုင်ရှင်ရဲ့ ဥတွေကို ကန်ချတတ်လေ့ရှိပါတယ်။ ဒါက ဥသြငှက်တို့ရဲ့ အလေ့အထပါပဲ။ လူသားတွေမှာတော့ ရည်မှန်းချက်နဲ့ဘဝကို ရှင်သန်ကြပြီး တိရစ္ဆာန်လောကမှာတော့ ကြီးနိုင်ငယ်ညှဉ်း သတ်ဖြတ်ခြင်းနဲ့ ဘဝကိုစတင်ကြပါတယ်။

**စာနာစိတ်**

လူတွေမှာ မိမိယုံကြည်ရာ ဘာသာတရားရှိကြပြီး ရည်မှန်းချက်နဲ့အတူ မတူညီတဲ့ အတွေးအမြင်တော့ ရှိကြတာပါပဲ။ မတူညီတာကို ရန်သူလို့ သတ်မှတ်ခဲ့ကြမယ်ဆိုရင် ယနေ့လူ့ဘောင်ဆိုတာ မရှိတော့ပါဘူး။ မတူညီသော်လည်း စာနာစိတ်နဲ့ ယှဉ်တွဲနေထိုင်ခဲ့ကြလို့သာ လူ့ဘောင်အဖွဲ့အစည်းကြီးအဖြစ် တည်တံ့နေတာပါ။ တစ်နည်းအားဖြင့်ဆိုရရင် လူ့ဘောင်အဖွဲ့အစည်းကြီးမှာ စာနာမှုကို မဏ္ဍိုင်ပြုပြီး နေထိုင်ကြတာပါ။ မည်သည့်ဘာသာတရားဖြစ်စေ လူ့ဘောင်အဖွဲ့အစည်းကြီးကို အထောက်အကူဖြစ်စေဖို့နဲ့ မျှတမှုရှိစေဖို့ လမ်းညွှန်ဆုံးမထားကြမှာပါပဲ။ အစွန်းမရောက်ဖို့သာ လိုပါတယ်။ ဟိုတုန်းက လူသားအချင်းချင်း ယစ်ပူဇော်ကြတယ်ဆိုတာ ကြားခဲ့ရဖူးပါတယ်။ မှားယွင်းတဲ့ အယူဝါဒမို့ ယနေ့ခေတ်မှာ မရှိတော့ပါဘူး။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိတို့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ပထဝီအနေအထား၊ ရိုးရာယဉ်ကျေးမှုတို့အပေါ် အခြေခံပြီး စနစ်တစ်ခုနဲ့ ခုတ်မောင်းနေကြတာပါ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်တူညီသော်လည်း အလုံးစုံထပ်တူမညီနိုင်ပါဘူး။ ဒီမိုကရေစီစနစ်မှာ မိမိရဲ့ဆန္ဒကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရပါတယ်။ ဒါပေမယ့် လွတ်လပ်မှုဆိုတာ အလုံးစုံခွင့်ပြုထားတယ်လို့ မဆိုလိုပါဘူး။ ဥပဒေဘောင်အတွင်းမှာ နေထိုင်ပြုမူရမှာပါ။ သူတစ်ပါးကို ထိခိုက်နစ်နာမှုမရှိအောင် လူသားပီပီ စာနာစိတ်နဲ့ ပြုမူရမှာဖြစ်ပါတယ်။ လူပီသမှုဆိုတာ ''စာနာစိတ်''ဆိုတဲ့စံနှုန်းနဲ့ တိုင်းတာရတာပါ။ စာအုပ်မှာ ဘာမှမရေးထားရင် ဗလာစာအုပ်လို့ ခေါ်ကြသလို လူသားတိုင်းဟာ မိမိရဲ့ဘဝစာမျက်နှာမှာ အများကောင်းကျိုး၊ လောကကောင်းကျိုး မှတ်တမ်းမရှိရင် အဲဒီလူကို "လူ့ဗလာ"လို့ သတ်မှတ်ရမှာပါပဲ။ အဲဒီလိုပဲ။ လူဖြစ်ပါလျက် တိရစ္ဆာန်လို စာနာစိတ်မရှိရင်တော့ "လူ့မိစ္ဆာ" သို့မဟုတ် ''လူ့တိရစ္ဆာန်''အဖြစ် သတ်မှတ်ကြရမှာပါပဲ။

**ယုံကြည်မှု**

ယုံကြည်မှုဆိုရာမှာ ဘာသာရေးဖြစ်စေ၊ နိုင်ငံရေးဖြစ်စေ တစ်ဖက်စွန်းမရောက်ဖို့တော့ လိုပါတယ်။ လူတစ်ယောက်မှာ မျက်လုံးနှစ်လုံး၊ နားနှစ်ဖက်ရှိခြင်းဟာ တစ်ဖက်အမြင်၊ တစ်ဖက်အကြား မဖြစ်စေဖို့အတွက် ဖန်တီးပေးထားတာပါ။ သူများပြောတိုင်းလည်း ယုံကြည်လို့မရပါဘူး။ ကိုယ်တိုင်လေ့လာသုံးသပ်ပြီးမှ ကျင့်ကြံရပါမယ်။ အဲဒီလိုမှမဟုတ်ရင် ''သူများယောင်လို့ ယောင်ရတယ်၊ အမောင်တောင်မှန်း မြောက်မှန်းမသိ''ဆိုတဲ့ စကားအတိုင်း ဖြစ်သွားတတ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင်က ငါဘုရားဟောတိုင်းလည်း မယုံနဲ့၊ ကိုယ်တိုင်လေ့လာကျင့်ကြံအားထုတ်ရမယ်လို့ ဆုံးမဟောကြားတော်မူခဲ့ပါတယ်။

**စက်ဆုပ်ဖွယ်ကောင်းသော PDF တို့၏လုပ်ရပ်များ**

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှစလို့ ပြည်သူတို့ လိုလားတောင့်တခဲ့ကြတဲ့ "ဒီမိုကရေစီစနစ်"ကို စတင်ကျင့်သုံးခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်များစွာရေးဆွဲပြီး ပြည်သူသို့ ချပြခဲ့ပါတယ်။ ပြည်သူတို့ရဲ့ သဘောတူညီချက်အရ "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါအတိုင်း ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်ခဲ့ကြတာ ၁၀ စုနှစ်တစ်ခုပါပဲ။ တတိယအစိုးရ ဖြစ်ပေါ်လာရေးအတွက် ၂၀၂၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပခဲ့ရာမှာ NLD အစိုးရဟာ အာဏာကို အလွဲသုံးစားပြုပြီး နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ရယူဖို့ ကြိုးစားခဲ့တယ်ဆိုတာ မြန်မာပြည်သူတွေသာမက ကမ္ဘာသိဖြစ်ပါတယ်။ ဥပဒေရဲ့အထက်မှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမှ မရှိရပါဘူး။ ဥပဒေကို လိုက်နာရပါမယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ နိုင်ငံတော်အာဏာကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ထိန်းသိမ်းလိုက်ရပါတယ်။

မဲမသမာမှုတွေကို ချပြလိုက်တော့ NLD ပါတီဟာ သူခိုးလူမိဆိုသလို ရှက်ရမ်းရမ်းပါတော့တယ်။ တပ်မတော်က အာဏာထိန်းလိုက်တော့ NLD အစွန်းရောက်တွေဖြစ်တဲ့ CRPH နဲ့ NUG တို့ဟာ မင်းသားကြီးမလုပ်ရရင် ပက်မကြီးဖောက်မယ် ဆိုတဲ့အကြံနဲ့ နိုင်ငံတော်တည်ငြိမ်မှု ပျက်ပြားအောင်၊ အုပ်ချုပ်မှုယန္တရားရပ်တန့်အောင် အမျိုးမျိုးလုပ်ကြရုံသာမက အခုအခါ ရဟန်းရှင်လူအပေါင်းတို့ရဲ့ အသက်ကိုပါ ခြိမ်းခြောက်လာပါတော့တယ်။

ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံမှာ PDF ဆိုတဲ့ အသံကြားရတဲ့သူတိုင်း စိတ်မချမ်းမြေ့ဖြစ်ကြပြီး ရွံမုန်းနေကြပါတယ်။ PDF ဆိုတာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ CRPHနဲ့ NUG တို့က မွေးဖွားပေးလိုက်တဲ့ နိုင်ငံရေးသားကောင်တစ်ဖြစ်လဲ အကြမ်းဖက်သောင်းကျန်းသူတွေပါပဲ။ PDF အဖွဲ့မှာ အသက် ၃၅ နှစ်အောက် လူငယ်အများစု ဖြစ်ပါတယ်။ နိုင်ငံရေးမှိုင်းမိပြီး စာနာစိတ်ကင်းမဲ့နေတာကြောင့် သူတို့တွေရဲ့ လုပ်ရပ်တွေဟာလည်း စက်ဆုပ်ရွံရှာစရာပါပဲ။

ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုးကြီးကို ခုခံကာကွယ်နေချိန်မှာ PDF တွေဟာ Quarantine Centre တွေ၊ ဆေးရုံတွေနဲ့ ကိုဗစ်–၁၉ စစ်ဆေးရေးဂိတ်များကို မိုင်းခွဲခြင်း၊ ကိုဗစ်–၁၉ ကာကွယ်ဆေး သယ်ဆောင်လာတဲ့ယာဉ်တွေကို တိုက်ခိုက်ခြင်း၊ ကာကွယ်ဆေးထိုးနှံရန် သွားရောက်ကြသည့် လမ်းများအပေါ် မိုင်းထောင်ခြင်း စတဲ့ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေကို ပြုလုပ်လျက်ရှိပါတယ်။ ဒါတွေဟာ လူသားမဆန်/စာနာစိတ်မရှိတဲ့သူတွေရဲ့ လုပ်ရပ်ပါပဲ။

ဒါ့အပြင် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ချပေးရာမှာ အဓိကကျတဲ့ ဆရာ၊ ဆရာမများနဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းမဲ့ လူသားမဆန် သတ်ဖြတ်ခဲ့ကြပါတယ်။ ဆရာ၊ဆရာမတွေဆိုတာ အနန္တဂိုဏ်းဝင်တွေပါ။ လက်ဆယ်ဖြာထိပ်မှာမိုးပြီး အစဉ်ဦးခိုက်ကြရတာပါ။ မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ ကျေးဇူးတရားသိတတ်ပြီး ယဉ်ကျေးမှုရှိသူတိုင်း ကိုယ်စိတ်နှလုံးသုံးပါးနဲ့ မပြစ်မှားကြပါဘူး။ ဤသို့သော ပုဂ္ဂိုလ်များကို PDF ခေါ် "လူ့ဗာလ"/"လူ့မိစ္ဆာ" တွေက အကြောင်းမဲ့သတ်ဖြတ်ခြင်းနှင့် တိုက်ခိုက်မှုတို့ကြောင့် ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ သေဆုံး၊ ဒဏ်ရာရခဲ့ကြကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်–

**၁–၂–၂၀၂၁ ရက်မှ ၁၅–၁၁–၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ သေဆုံးမှုစာရင်း**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | သေဆုံးမှုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | |
| ၂ | ကချင် | | | | | |
| ၃ | ကယား | | | | | |
| ၄ | ကရင် | | | | | |
| ၅ | ချင်း | | | | | |
| ၆ | စစ်ကိုင်း | ၃ | ၂ | ၂ | ၄ | |
| ၇ | တနင်္သာရီ | | | | | |
| ၈ | ပဲခူး | ၁ | | ၁ | ၁ | |
| ၉ | မကွေး | ၁ | ၁ | ၁ | ၂ | |
| ၁၀ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၁၁ | မွန် | | | | | |
| ၁၂ | ရခိုင် | | | | | |
| ၁၃ | ရန်ကုန် | ၁ | ၁ | | ၁ | |
| ၁၄ | ရှမ်း | | | | | |
| ၁၅ | ဧရာဝတီ | | | | | |
| | စုစုပေါင်း | ၁၀ | ၇ | ၅ | ၁၂ | |

**၁–၂–၂၀၂၁ ရက်မှ ၁၅–၁၁–၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ သေဆုံးမှုစာရင်း**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | သေဆုံးမှုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | |
| ၂ | ကချင် | ၁ | | ၁ | ၁ | |
| ၃ | ကယား | | | | | |
| ၄ | ကရင် | | | | | |
| ၅ | ချင်း | | | | | |
| ၆ | စစ်ကိုင်း | ၃ | ၃ | | ၃ | |
| ၇ | တနင်္သာရီ | | | | | |
| ၈ | ပဲခူး | ၁ | ၅ | | ၅ | |
| ၉ | မကွေး | ၁ | ၁ | | ၁ | |
| ၁၀ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၁၁ | မွန် | | | | | |
| ၁၂ | ရခိုင် | | | | | |
| ၁၃ | ရန်ကုန် | | | | | |
| ၁၄ | ရှမ်း | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၁ | | ၁ | |
| | စုစုပေါင်း | ၁၁ | ၁၃ | ၂ | ၁၅ | |

**၁–၂–၂၀၂၁ ရက်မှ ၁၅–၁၁–၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ခံခဲ့ရသည့် စာသင်ကျောင်းများ**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စာသင်ကျောင်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၅ | ၁၃ | |
| ၂ | ကချင် | ၈ | ၂၃ | |
| ၃ | ကယား | ၁ | ၃ | |
| ၄ | ကရင် | ၄ | ၁၁ | |
| ၅ | ချင်း | ၃ | ၆ | |
| ၆ | စစ်ကိုင်း | ၂၁ | ၆၅ | |
| ၇ | တနင်္သာရီ | ၂ | ၃ | |
| ၈ | ပဲခူး | ၁၀ | ၂၂ | |
| ၉ | မကွေး | ၁၆ | ၄၂ | |
| ၁၀ | မန္တလေး | ၂၅ | ၈၄ | |
| ၁၁ | မွန် | ၇ | ၃၉ | |
| ၁၂ | ရခိုင် | | | |
| ၁၃ | ရန်ကုန် | ၃၀ | ၈၀ | |
| ၁၄ | ရှမ်း | ၁၅ | ၂၃ | |
| ၁၅ | ဧရာဝတီ | ၁၅ | ၂၇ | |
| | စုစုပေါင်း | ၁၆၂ | ၄၄၁ | |

စာမျက်နှာ ၉ သို့

**၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ**

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

**၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်**

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏အဆိုကို နိုင်ငံရေးသွတ်သွင်းနေမှုထက်ပို၍ မည်သည့်အကြောင်းပြချက်မျှမရှိဟု ရှုမြင်

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ကျင်းပလျက်ရှိသည့် (၇၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ) ၏ ၁၇-၁၁-၂၀၂၁ ရက် အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်း (Situation of Human Rights of Rohingya Muslims and other minorities in Myanmar) ကို မဲမခွဲဘဲ အတည်ပြုခဲ့ကြောင်း သိရသည်။

ယင်းအဆိုတွင် မြန်မာအစိုးရမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများနှင့် စိန်ခေါ်မှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ပေးနေမှုများကို ထင်ဟပ်သည့် ဖော်ပြချက်များ မပါရှိကြောင်း တွေ့ရှိရသည်။ အဆို(Resolution)တွင် ပါဝင်သည့်အချက်များသည် မြန်မာနိုင်ငံအား ဆန့်ကျင်တိုက်ခိုက်နေသည့်အုပ်စုများ၊ မတရားအသင်း၊ အကြမ်းဖက်နှင့် လက်နက်ကိုင်အဖွဲ့များဘက်မှရရှိသည့် အချက်များ၊ အခြေအမြစ်မရှိသည့် အချက်များကို စိစစ်မှုမပြုဘဲ ဖော်ပြထားသောကြောင့် ခိုင်မာမှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။ အဆိုတွင် CRPH ၊ NUG နှင့် PDF ဆိုသည့် အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များကို လျစ်လျူရှုထားသည်။ ယင်းအကြမ်းဖက်အဖွဲ့များက သံဃာတော်များ၊ ဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများနှင့် နိုင်ငံရေးပါတီဝင်များ အပါအဝင် အပြစ်မဲ့ပြည်သူ ၁၃၀၀ ကျော်အား သတ်ဖြတ်ခဲ့သည်။

ယင်းအဆို၏ မူရင်းဇာစ်မြစ်သည် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်ပြီး၊ ယင်းဖြစ်စဉ်မှာ ARSA (ခေါ်) Aqua Mul Mujahidin ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုတွင် အစဉ်အဆက်ပါရှိသည့် အချက်များသည် ပကတိမြေပြင်အခြေအနေမှန်များ၊ ဒေသသမိုင်းနောက်ခံနှင့် ယင်းကိစ္စ၏ အခြေခံအကြောင်းအရင်းများကို မျှတမှန်ကန်စွာ ရည်ညွှန်းထားခြင်းမရှိပါ။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ရာနှင့်ချီသော နေရပ်စွန့်ခွာ ဟိန္ဒူများအပါအဝင် အသိုက်အဝန်းအားလုံး၏ ဆင်းရဲဒုက္ခ၊ ၎င်းတို့အား နေရပ်သို့ ပြန်လာခွင့်ပြုရန် မြန်မာအစိုးရမှ အကြိမ်ကြိမ်ကြိုးစားဆောင်ရွက်ခဲ့မှုများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပျက်ကွက်မှုများကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရသည်။ နှစ်နိုင်ငံအကြား သဘောတူထားသည့် လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို စတင်နိုင်ခြင်းမရှိသေးသော်လည်း နေရပ်စွန့်ခွာသူ ဘင်္ဂါလီစုစုပေါင်း ၇၀၀ ကျော်ခန့်က ၎င်းတို့ဆန္ဒဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများတွင် အစွန်းရောက်ဝါဒီများ ကြီးစိုးလျက်ရှိသဖြင့် နေရပ်စွန့်ခွာသူအများအပြားမှာ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံသို့ ပြန်မလာနိုင်သည်ကိုလည်း ကောင်းစွာနားလည်သိရှိထားရန် လိုသည်။ မြေပြင်အချက်အလက်အမှန်များကို ယင်းအဆိုတွင်ထည့်သွင်းရန် ပျက်ကွက်ခြင်းသည် သက်ဆိုင်ရာ နိုင်ငံအတွက်သာမကဘဲ ဘက်လိုက်မှုမရှိခြင်းနှင့် ဓမ္မဓိဋ္ဌာန်ကျခြင်း စသည့်စံနှုန်းများကို ထိန်းသိမ်းလိုက်နာရမည့် ကုလသမဂ္ဂအဖွဲ့အစည်း၏ ပုံရိပ်ကိုပါ ထိခိုက်နစ်နာစေသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြောင်း စိစစ်အတည်ပြုနိုင်သည့် နေရပ်စွန့်ခွာသူများကို လက်ခံရန်နှင့် နိုင်ငံသားဖြစ်ခွင့် လျှောက်ထားလာပါက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို သင့်လျော်သည့် နိုင်ငံသားပေးရန်တို့အတွက် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည်။ သို့သော် မြန်မာနိုင်ငံက "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်ပြုခြင်းမရှိပါ။ စင်စစ်တွင် ယင်းအသုံးအနှုန်းကို တိုင်းရင်းသားအဆင့်အတန်းနှင့် နယ်မြေရရှိရေးရည်ရွယ်ချက်ဖြင့် သုံးနှုန်းနေခြင်း ဖြစ်သည်။ ယင်းအသုံးအနှုန်းသည် ဥပဒေအရနှင့် နိုင်ငံ၏ သမိုင်းအထောက်အထားအရ မရှိခဲ့သောကြောင့် မြန်မာပြည်သူများက လက်ခံနိုင်ခြင်းမရှိပါ။ တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG နှင့် ကျော်မိုးထွန်းတို့သည် "ရိုဟင်ဂျာ" ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်ပြုသည့်အပြင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းရန် လှုံ့ဆော်မှုတွင် ပါဝင်နေသည်ကို တွေ့ရသည်မှာ စိတ်ပျက်ဖွယ်ရာဖြစ်သည်။ ယင်းသို့ အတုအယောင်တောင်းဆိုချက်များကို အသိအမှတ်ပြုခြင်းမှာ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် သမိုင်းအထောက်အထားများကို ပစ်ပယ်ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် အဆိုဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းလုပ်ရပ်များကို အစဉ်ကန့်ကွက်ခဲ့သည်။ ယခုကဲ့သို့ကိစ္စမျိုးကို မြန်မာနိုင်ငံအနေဖြင့် ယခင်က မဲခွဲရန် တောင်းဆိုလေ့ရှိခဲ့သော်လည်း ယခုနှစ် အဆိုမူကြမ်းအား မဲမခွဲဘဲ ဆုံးဖြတ်ခဲ့ခြင်းမှာ ကုလသမဂ္ဂ၌ မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှု မှန်ကန်မှုမရှိခြင်းနှင့် နိုင်ငံ၏ တရားဝင်ကိုယ်စားလှယ် တက်ရောက်နိုင်မှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံထားရပြီး လက်ရှိတွင် တရားမဝင်နှင့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG ဆိုသောအဖွဲ့ကို ကိုယ်စားပြုနေသူ ကျော်မိုးထွန်းအား တက်ရောက်ခွင့်ပေးမှုကိုလည်း လုံးဝလက်ခံနိုင်ဖွယ်မရှိသဖြင့် မြန်မာနိုင်ငံက ကန့်ကွက်သည်။ ကျော်မိုးထွန်း၏ ပြောဆိုချက်များ၊ အထူးသဖြင့် ဘင်္ဂါလီကိစ္စသည် မြန်မာအစိုးရ အဆက်ဆက်၏ မူဝါဒ၊ ရပ်တည်ချက်များနှင့်ကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူကို ကိုယ်စားမပြုသောကြောင့် မြန်မာနိုင်ငံက ပြင်းထန်စွာ ပယ်ချလိုက်သည်။

ကုလသမဂ္ဂ၏ ယခုကဲ့သို့ ဆောင်ရွက်ချက်များသည် အဖွဲ့အစည်း၏ ဘတ်ဂျက်မှ နှစ်စဉ်ရန်ပုံငွေများစွာ သုံးစွဲပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဦးတည်၍ အဆိုမူကြမ်း တင်သွင်းလျက်ရှိသည့် နိုင်ငံအချို့အား ကျေနပ်အားရစေရန် နိုင်ငံရေးသွတ်သွင်းနေမှုထက်ပို၍ မည်သည့်အကြောင်းပြချက်မျှ မရှိနိုင်ဟု မြန်မာနိုင်ငံအနေဖြင့် ရှုမြင်သည်။ ယင်းအဆိုတွင် ပြင်ပယန္တရားများကို ဖိတ်ခေါ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အသုံးအနှုန်းများနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားမှုမရှိသည့် ဖော်ပြချက်များပါရှိသောကြောင့် မြန်မာနိုင်ငံမှ အဆိုဆုံးဖြတ်ချက်ကို လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။

# သီပေါ၌ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရေး ကွင်းဆင်းစစ်ဆေး

**သီပေါ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စားသုံးသူပြည်သူများ အန္တရာယ်ကင်းရှင်းရေးကို ရည်ရွယ်ကာ ယနေ့နံနက်ပိုင်းက ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စားသုံးသူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကုန်ပစ္စည်းများတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်း အမှတ်အသားများ ဖော်ပြပါရှိသော ကုန်ပစ္စည်းများသာ ရောင်းချပေးရေး၊ သက်တမ်းလွန်ပစ္စည်းများနှင့် စားသုံးရန်မသင့်သော ကုန်ပစ္စည်းများကို ရောင်းချမှု မရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



### ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော်ကြရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် စနစ်တကျဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ တာဝန်ခံများက Online မှ ပါဝင်တက်ရောက်ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရာတွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ ရုံးခွဲတာဝန်ခံများအနေဖြင့် ပြည်တွင်းခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ခရီးသွားနှင့် ဆက်စပ်လုပ်ငန်း (၇) မျိုးစလုံး ဟန်ချက်ညီစွာ တိုးတက်အောင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ၏ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်တွင်းမှသည် ပြည်ပခရီးသည်များ ဝင်ရောက်လာမှုကို ကြိုတင်မြော်တွေးကြံဆ ပြင်ဆင်ထားကြရန်နှင့် ခရီးစဉ်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း လုပ်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံးခွဲတာဝန်ခံများက ခရီးစဉ်ဒေသများသို့ ဧည့်သည်ဝင်ရောက်မှု အခြေအနေ၊ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲမှု အခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ လုပ်ကိုင်နေသူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေနှင့် Safe Services ပေးနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ သုခစိုးဟိုတယ်၌ နေပြည်တော်ကောင်စီဝင်(၂)၊ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် ပွင့်လင်းရာသီ ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်အား ဆွဲဆောင်မှုရှိပြီး ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ချင်စရာ ခရီးစဉ်ဒေသတစ်ခုဖြစ်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးကို အခြေခံသော ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် Health and Safety Protocol (HSP) နှင့်အညီ ဖွင့်လှစ်ရေးနှင့် အသိအမှတ်ပြုလက်မှတ်များ ရယူရေးကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက နေပြည်တော်အတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နေမှုအခြေအနေ၊ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေနှင့် ခရီးစဉ်ဒေသများ ဖော်ထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း အားကစားလေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံးအထောက်အကူပြုပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပဲခူး နိုဝင်ဘာ ၁၉**

တိုင်းဒေသကြီးအတွင်း အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ရှာဖွေလေ့ကျင့်ပေးပြီး ခရိုင်နှင့် မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ တစ်ဆင့် တိုင်းဒေသကြီး လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာအောင် လူရွေးချယ်ရေးစီမံချက်၊ စခန်းသွင်းလေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေး စီမံချက်များ ရေးဆွဲ၍ သက်ဆိုင်ရာအားကစားကော်မတီများ၊ ဆပ်ကော်မတီများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း ကျန်းမာကြံ့ခိုင်ရေးနှင့် ကဏ္ဍအလိုက် အားကစားထူးချွန်သူများ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များအတွက် အားကစားလေ့ကျင့်ရေးနှင့် ပြိုင်ပွဲသုံး အထောက်အကူပြု ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များ၊ တံခွန်စိုက်ဖလားများကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ကြိုးစားရယူ ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက အားကစားပစ္စည်းများ ဝယ်ယူရေးနှင့် မြို့နယ်အလိုက် ပြန်လည်ဖြန့်ခွဲပေးမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူး/တောင်ငူ/ ပြည်/ သာယာဝတီခရိုင်များအတွင်းရှိ မြို့နယ်များအတွက် အားကစား အထောက်အကူပြု ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို ခရိုင်အလိုက် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြုပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်က အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင် ဂေါက်ကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲကို နံနက်ပိုင်းတွင် ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက သတ်မှတ်တီခုံတွင် ဂေါက်သီးရိုက်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြိုင်ပွဲဝင် အားကစားများယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲကို ညနေပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသူများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ပြိုင်ပွဲတွင် အဝေးဆုံးဆု၊ လိုင်းနှင့်အနီးဆုံး ရိုက်ချက်ဆု၊ ကျင်းနှင့် အနီးဆုံးဆု၊ Par အများဆုံးဆု ရရှိကြသူများကို လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုပစ္စည်းများ ချီးမြှင့်ပေးပြီးနောက် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြသော စစ်သည်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့က ပေးအပ်သော ငွေကျပ် သိန်း ၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်များအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများ နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိ






**နေပြည်တော် နိုဝင်ဘာ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါ အန္တရာယ်ကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ ခေတ္တပိတ်ထားခဲ့ရသော လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ အတည်ပြုချက်အရ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဗဟို ကြီးကြပ်ရေးအဖွဲ့၏ နိုဝင်ဘာ ၁၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၁ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် အသက် ၃ နှစ်မှ ၅ နှစ်အတွင်းရှိ မူလတန်းကြိုအရွယ် ကလေးငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုများရရှိနိုင်စေရန် ရည်ရွယ်၍ မူကြိုကျောင်းများဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ၂၀၂၀ ပြည့်နှစ် မတ်လအထိ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနမူလတန်းကြိုကျောင်း(၁၄၂)ကျောင်းတွင် ကလေးဦးရေ ၁၉၀၆၉ ဦးကို သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေကြောင့် မူလတန်းကြိုကျောင်းများကို တစ်နှစ်ကျော်ကြာ ပိတ်ထားခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်သည့်အချိန်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များ Text Box: -၂-တွင် ဌာနမူလတန်းကြိုကျောင်း (၈၇) ကျောင်းကို နိုဝင်ဘာ ၁၅ ရက်မှ စတင်ဖွင့်လှစ်၍ ကလေးဦးရေ ၂၂၄၅ ဦးကို လက်ခံပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ဒေသအခြေအနေများအရ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ဒေသများတွင် ကလေးငယ်များအတွက် သင်ကြားလေ့ကျင့်မှုများ စဉ်ဆက်မပြတ် ရရှိနိုင်စေရန် မူလတန်းကြိုကျောင်း (၃၄) ကျောင်းကို (Online) အစီအစဉ်ဖြင့်ဖွင့်လှစ်ပြီး ကလေးဦးရေ ၃၀၇ ဦးကို သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။ သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၅ ရက်တွင် မူလတန်းကြိုကျောင်းပေါင်း (၁၂၁)ကျောင်းတွင် ကလေးဦးရေ ၂၅၅၂ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။ ထို့နည်းတူစွာ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြို ကျောင်းများကိုလည်း နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် တစ်ပြိုင်နက် ဖွင့်လှစ်ပြီး သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဒါ့အပြင် ဗုဒ္ဓသာသနာတော်ကြီးကို စောင့်ရှောက်နေကြတဲ့ ရဟန်းသံဃာတော်တွေကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ အခါမပြတ် ဘုရား၊ တရား၊ သံဃာအား မမေ့မလျော့ဘဲ သရဏဂုံဆောက်တည်ကြတဲ့ လူမျိုးတွေပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈) ပုဒ်မ ၃၆၁မှာ "နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသား အများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်"ဟု သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ငယ်စဉ်ကတည်းက ရဟန်းသံဃာတော်များရဲ့အဆုံးအမဩဝါဒဖြင့် ကြီးပြင်းလာခဲ့ကြတဲ့လူမျိုးပါ။ ဒါ့ကြောင့်လည်း ယနေ့ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုထားကြပါတယ်။

ဤသို့ ကမ္ဘာက ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးသော ကျွန်တော်တို့နိုင်ငံမှာ PDF ဟူသော "လူ့ဗာလ"၊ "လူ့မိစ္ဆာ"တို့ရဲ့ ပုထိုးစေတီများကို မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ ရဟန်းသံဃာတော်များကို သတ်ဖြတ်ခြင်းတို့ကြောင့် မြန်မာတစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာကို ထိပါးလျက်ရှိပါသည်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာတော်ဆိုတာ သုဝဏ္ဏဘူမိ(သထုံ)ကအစပျိုးခဲ့ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်ခဲ့တဲ့ အနော်ရထာရဲ့ ကျေးဇူးတရားကြောင့်ဝေဖြောလာခဲ့ပါတယ်။ဘိုးဘွားအစဉ်အဆက် ကိုးကွယ်ထိန်းသိမ်းလာခဲ့တဲ့ဗုဒ္ဓဘာသာသည်ကား လူ့မိစ္ဆာ PDF တို့ကြောင့် ပျက်စီးခံရတော့မည်လား။ ဗုဒ္ဓသာသနာတော်ကြီးဟာ ဘိုးဘွားတို့ လက်ဆင့်ကမ်းပေးခဲ့တဲ့အမွေပါ။ သားသမီးကျင့်ဝတ်ထဲမှာ မွေခံထိုက်စေဆိုတဲ့စကားဟာ ဥစ္စာပစ္စည်းကိုပဲ ရည်ညွှန်းထားတာ မဟုတ်ပါဘူး။ သာသနာ့အမွေလည်း ပါဝင်ပါတယ်။ဒါ့ကြောင့်ဘိုးဘွားတို့ရဲ့အမွေကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်းမှာ တာဝန်ရှိပါတယ်။

### (၃-၅-၂၀၂၁)ရက်မှ(၁၁-၁၁-၂၀၂၁)ရက်ထိ ရဟန်းသံဃာတော်များအား အကြမ်းဖက်သတ်ဖြတ်မှု

| စဉ် | မြို့နယ် | ရက်စွဲ | ဘွဲ့တော်၊သက်တော်၊ ဝါတော် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မိုးမောက်မြို့နယ် | ၃-၅-၂၀၂၁ | ဥူးကေသရ၊(၄၅)နှစ် ၁၆ ဝါ | အကြောင်းမဲ့သတ်ဖြတ်ခံရ |
| ၂ | မိုးညှင်းမြို့နယ် | ၇-၁၁-၂၀၂၁ | ဥူးသုဇာတ(၅၄)နှစ် | သေနတ်ဖြင့်ပစ်ခတ်ခြင်းခံရ |
| ၃ | မင်းတပ်မြို့နယ် | ၄-၆-၂၀၂၁ | ဘဒ္ဒန္တပညာဇောတ(၅၂)နှစ် ၁၆ ဝါ | မီးရှို့သတ်ဖြတ်ခြင်းခံရ |
| ၄ | ကနီမြို့နယ် | ၅-၅-၂၀၂၁ | ဥူးပညာသာမိ(၃၀)နှစ် | ဒလန်ဟုစွပ်စွဲ သတ်ဖြတ်ခံရ |
| ၅ | ပုလဲမြို့နယ် | ၁၅-၆-၂၀၂၁ | ဥူးဥက္ကဋ္ဌ၊(၄၂)နှစ် | ဒလန်ဟုစွပ်စွဲ သတ်ဖြတ်ခံရ |
| ၆ | မင်းကင်းမြို့နယ် | ၁၆-၆-၂၀၂၁ | ဥူးသုမင်္ဂလ၊(၆၃)နှစ် | ဒလန်ဟုစွပ်စွဲ သတ်ဖြတ်ခံရ |
| ၇ | ကောလင်းမြို့နယ် | ၁၈-၇-၂၀၂၁ | ဥူးကုမာရ၊(၄၉)နှစ် | အကြောင်းမဲ့သတ်ဖြတ်ခံရ |
| ၈ | မင်းကင်းမြို့နယ် | ၁၈-၈-၂၀၂၁ | ဥူးကောဝိသ၊(၇၄)နှစ် | ဒလန်ဟုစွပ်စွဲ သတ်ဖြတ်ခံရ |
| ၉ | ကနီမြို့နယ် | ၆-၉-၂၀၂၁ | ဥူးကေလာ၊(၃၂)နှစ် | အကြောင်းမဲ့သတ်ဖြတ်ခံရ |
| ၁၀ | ကလေးမြို့နယ် | ၂၀-၁၀-၂၀၂၁ | အရှင်ဥက္ကဋ္ဌ | အကြောင်းမဲ့သတ်ဖြတ်ခံရ |
| ၁၁ | မုံရွာမြို့နယ် | ၁၄-၁၁-၂၀၂၁ | ဥူးဇင်းဒိန်းဒေါင်၊(၅၀)နှစ် | အကြောင်းမဲ့သတ်ဖြတ်ခံရ |
| ၁၂ | ဝမ်းတွင်းမြို့နယ် | ၁၁-၁၁-၂၀၂၁ | ဥူးသောမန၊(၄၈)နှစ်၊၂၈ဝါ | အကြောင်းမဲ့ သတ်ဖြတ်ခံရ |

**တစ်ချိန်က ဗကပနှင့် ယနေ့ PDF**

မြန်မာ့သမိုင်းကြောင်းမှာ သူ့ကျွန်လက်အောက်ကျရောက်စဉ်က ဘာသာခြားတိုင်းတစ်ပါးသားတို့ကြောင့် သာသနာမှေးမှိန်ခဲ့ရပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်သောင်းကျန်းမှုကြောင့် ပြည်တွင်းစစ်မီးလျှံတောက်လောင်ခဲ့ရပါတယ်။ အဲဒီအချိန်က ရောင်စုံသူပုန်အင်အားဟာ တပ်မတော်ထက်အဆမတန် များပြားပါတယ်။ ဗကပတွေဟာ ပြည်သူတွေကို ခြိမ်းခြောက်ရုံသာမက ကျေးရွာသူကြီးတွေနဲ့ သူတို့မကြည်ဖြူတဲ့သူတွေ၊ တစ်ချိန်က သူတို့နဲ့ရန်ငြိုးရှိသူတွေကို အစိုးရသတင်းပေးသူ (ယနေ့ခေတ် အခေါ်အရဆိုလျှင် ဒလန်)လို့ စွပ်စွဲပြီး ဓားနဲ့ခုတ်၊ ဝါးကျစ်တုတ်နဲ့ရိုက် စတဲ့လူသားမဆန်သတ်ဖြတ်ကြပါတယ်။ အချင်းချင်းလည်း တစ်ယောက်နဲ့ တစ်ယောက် "တော်လှန်ရေး"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အမျိုးမျိုးစွပ်စွဲပြီး သတ်ဖြတ်ခဲ့ကြတယ်။ ဒါ့အပြင် အစိုးရစာသင်ကျောင်းတွေကို မီးရှို့၊ ဆရာ/ဆရာမတွေကို အသက်အန္တရာယ်ခြိမ်းခြောက်ပြီး ရွာကနေ နှင်ထုတ်ကြတယ်။ အစွန်းရောက် ရုပ်ကြမ်းဝါဒဖြစ်တဲ့အတွက် အဖေကို သားကသတ်၊ တစ်အူထုံ့ဆင်းအချင်းချင်းလည်း သတ်ဖြတ်ကြတယ်။ နောက်ဆုံး ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အထွတ်အမြတ်ထားကြတဲ့ ရွှေတိဂုံစေတီကို မျက်စောင်းထိုးလာပြီး ကပ်လှူထားတဲ့ ရွှေတွေကို ခွာဖို့တောင် ကြံစည်ကြပါသေးတယ်။ ဒါက သမိုင်းမှာ အထင်ကရရှိပါတယ်။ "သခင်သန်းထွန်းရဲ့နောက်ဆုံးနေ့"၊ "ဇင်-ချစ် နောက်ဆုံးနေ့" စာအုပ်တွေကို ဖတ်ကြည့်ပါ။ ယနေ့ PDFတွေရဲ့လုပ်ရပ်တွေဟာ တစ်ချိန်က ဗကပတွေလိုပါပဲ။ ရက်စက်မှုအပေါင်း သရဖူဆောင်းနေကြပါတယ်။ တပ်မတော်နဲ့ ပြည်သူလက်တွဲပြီး ဗကပတွေကို အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့လို့ ဗကပတွေရဲ့ နိဂုံးမလှမပ ကျဆုံးခဲ့တော့တာပါပဲ။

ဗကပနဲ့ ယနေ့ PDF ကွာခြားမှုတစ်ခုတော့ ရှိတယ်။ ဗကပမှာ ခိုင်မာတဲ့ နိုင်ငံရေးယုံကြည်ချက် ရှိတယ်။ ယနေ့ခေတ် PDF တွေမှာတော့ ခိုင်မာတဲ့ နိုင်ငံရေးယုံကြည်ချက် မရှိပါဘူး။ အခုလို PDF တွေ မိုက်တွင်းနက်နေတာဟာ သူ့ဆန်စားလို့ ရဲနေကြတာပါ။ ဆိုလိုတာက PDFတွေရဲ့နောက်ကွယ်မှာ မိစ္ဆာဂိုဏ်းတော့ ရှိရမည်။ PDFတွေကလည်း "အစားချောင်လို့ အသားရောင် ပြောင်းတယ်"ဆိုတဲ့ စကားအတိုင်း မထူးဇာတ်ခင်းပြီး မိုက်တွင်းနက်နိုင်သမျှနက်နိုင်ဖို့ မူးယစ်ဆေးဝါးတွေသုံးစွဲပြီး လူစိတ်ပျောက်ကာ အကြမ်းဖက်နေကြကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ယနေ့ PDF တွေရဲ့လုပ်ရပ်ဟာ သခင်ကြည်ဖြူအောင် ဟောင်နေတဲ့ ခွေးတွေလိုပါပဲ။

**ဇာတ်ပေါင်းလိုက်သော်**

ဒါ့ကြောင့် NUG နဲ့ CRPH တို့ရဲ့ စေညွှန်ရာအတိုင်း အကြမ်းဖက်လုပ်နေကြတဲ့ PDF တို့ကို ကျွန်တော်တို့ပြည်သူအားလုံးက နိုင်ငံတော်အစိုးရနဲ့ လက်တွဲပြီး ဖော်ထုတ်တိုက်ဖျက်ရမှာ ဖြစ်ပါတယ်။ အကြမ်းဖက်မှုကို တွေ့မြင်ကြားသိနေရပါလျက် လျစ်လျူရှုနေခြင်းဟာ အဲဒီအကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုရာ ရောက်ပါတယ်။ ကိုယ်တိုင်ပူးပေါင်းပါဝင် တားဆီး/ဖော်ထုတ်/တိုက်ဖျက်ခြင်းဟာ နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနဲ့ အနာဂတ်နိုင်ငံတော်အရေး ကမ္ဘည်းရေးထိုးနေခြင်းသာ ဖြစ်ပါတယ်။ အနန္တဂိုဏ်းဝင်ဖြစ်တဲ့ ရဟန်းသံဃာတော်များနှင့် ဆရာ၊ဆရာမများကို သတ်ဖြတ်နေသည့် PDF သည်ကား ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲက သောနုတ္တရမုဆိုးနှင့် အလားတူပါတယ်။

ဒါ့ကြောင့် ယနေ့နိုင်ငံတော်အတွင်း လူသားမဆန် စာနာမှုကင်းမဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များကို ဇာတ်ပေါင်းလိုက်သော် နိုင်ငံတော်အာဏာကို မတရားရယူလိုသူ NUG ၊ စေခိုင်းသူက CRPH၊ အကြမ်းဖက် သူ မိစ္ဆာ PDF တို့သာဖြစ်ပါကြောင်းနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းတိုက်ဖျက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။

**❖ ကမ္ဘာက ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးသော ကျွန်တော်တို့ နိုင်ငံမှာ PDF ဟူသော "လူ့ဗာလ"၊ "လူ့မိစ္ဆာ"တို့ရဲ့ ပုထိုးစေတီများကို မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ရဟန်းသံဃာတော်များကို သတ်ဖြတ်ခြင်းတို့ကြောင့် မြန်မာတစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာကို ထိပါးလျက်ရှိ"**

◆ *ကျော်ဖုံးမှ*

နိုဝင်ဘာ ၈ ရက်တွင် ပစ်ခတ်မှုဖြစ်စဉ်ပါ တရားခံဖြစ်သော **စစ်ဇော်ကံ(ခ) ဟန်သာထွန်း(၁၉ နှစ်)**အား မင်္ဂလာဒုံမြို့နယ် ပတ္တမြားရပ်ကွက် နီလာလမ်း အမှတ်(၁၈၇) နေအိမ်၌ ဆက်စပ်တရားခံ **ဖြိုးအိကျော်(၂၄ နှစ် )**နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စစ်ဇော်ကံ(ခ) ဟန်သာထွန်း**၏ ထွက်ဆိုချက်အရ လှိုင်မြို့နယ် (၇)ရပ်ကွက် ကျောင်းကုန်း(၁) လမ်းနေ ပစ်ခတ်မှုဖြစ်စဉ်ပါတရားခံ **ဗညားစိုးထက်(ခ) လီယို(၂၃ နှစ်)**ကို လည်းကောင်း၊ တိုက်ကြီးမြို့နယ် အုတ်ပုံစုရပ်ကွက် တောင်ပေါ်လမ်း(ခ) ဂျိုးဖြူကန်လမ်းနေ ဆက်စပ်တရားခံ **စိုင်းစည်သူ(၃၅ နှစ်)**အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်**

ဖမ်းဆီးရမိတရားခံ **စစ်ဇော်ကံ(ခ) ဟန်သာထွန်း**သည် ဧပြီလအတွင်း KNLA တပ်မဟာ(၆) နယ်မြေတွင် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ၎င်းအနေဖြင့် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဖွဲ့စည်းထားရှိသည့် ဥက္ကာ (ဖမ်းဆီးရန်ကျန်) ခေါင်းဆောင်သော ရန်ကုန်တော်လှန်ရေး အင်အားစု (Yangon Revolution Force–YRF)တွင် ဒုတိယခေါင်းဆောင်အဖြစ် ပါဝင်၍ တရားခံ **ဗညားစိုးထက် (ခ) လီယို**မှာ တတိယခေါင်းဆောင်အဖြစ် ပါဝင်ကြောင်း၊ တရားခံ **ဖြိုးအိကျော်**သည် YRF အဖွဲ့တွင် ဘဏ္ဍာရေးမှူးအဖြစ်ပါဝင်ပြီး ထောက်ပံ့ရရှိငွေများနှင့် လိုအပ်သည့် လက်နက်/ ခဲယမ်းများ ဝယ်ယူမှု ချိတ်ဆက် ဆောင်ရွက်ပေးသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့၏ အကြမ်းဖက် လုပ်ရပ်များကို အားပေးထောက်ခံသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ ငွေနှင့် ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင်၎င်းတို့အဖွဲ့အနေဖြင့် အကြမ်းဖက် လုပ်ရပ်များကျူးလွန်ရန် လိုအပ်သော လက်နက်/ခဲယမ်းများအား **Jame (YUG အဖွဲ့)** ထံမှ စက်တင်ဘာ ၂၆ ရက်တွင် တရားခံ **စစ်ဇော်ကံ(ခ)ဟန်သာထွန်း**သည် **ငကျား(Free Tiger Ranger–FTR)** ထံမှတစ်ဆင့် ပစ္စတို သုံးလက်၊ ကျည်အိမ် ငါးခု၊ ကျည် ၁၂၁ တောင့်အား ရရှိခဲ့ပြီး တရားခံ ဗညားစိုးထက်(ခ)လီယိုထံတွင် သိမ်းဆည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



တရားခံသားငယ်က ဦးသိန်းအောင်နှင့်ဇနီးတို့အား သေနတ်ဖြင့် ပစ်ခတ်ရန် စောင့်ဆိုင်းစဉ်။




သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ပြန်လည်ထွက်ခွာလာသည့် တရားခံများကို တွေ့ရစဉ်။

**ကြိုတင်စီစဉ်ထားခဲ့**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ YRF အဖွဲ့သည် ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ပြီးပါက တရားခံ **စိုင်းစည်သူ** ပိုင်ဆိုင်သော တိုက်ကြီးမြို့နယ်၊ ငါးစုကျေးရွာအနီးရှိ ခြံတွင် ထွက်ပြေးတိမ်းရှောင်နိုင်ရန် ကြိုတင်စီစဉ်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆို ချက်အရ **ဦးသိန်းအောင်**အား လုပ်ကြံသတ်ဖြတ်သည့်နေ့တွင် ၎င်းသေနတ်များ



ဦးဆန်းလင်း (၅၃ နှစ်) (သေဆုံး)

အား အသုံးပြုရန် တရားခံ **ဗညားစိုးထက် (ခ)လီယို**မှတစ်ပါတည်း ယူဆောင်ခဲ့ကာ HYUNDAI ACCENT (အဖြူရောင်) ယာဉ်အားမောင်းနှင်ပြီး **စစ်ဇော်ကံ(ခ) ဟန်သာထွန်း**နှင့်အတူ သွားရောက်ခဲ့ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်သည့် **ဖိုးသားနှင့် သားငယ်**တို့သည် စက်ဘီးနှစ်စီးဖြင့် လိုက်ပါလာခဲ့ကြောင်း၊ ကုန်းမြင့်သာလမ်းအရောက်တွင် **စစ်ဇော်ကံ(ခ) ဟန်သာထွန်း**သည် ယာဉ်ပေါ်မှ ဆင်းပြီး သားငယ်ထံမှ စက်ဘီးအားယူ၍ စီးနင်းထွက်ခွာသွားခဲ့ပြီး သားငယ်မှ ခြေကျင်သွားရောက်၍ တေးနုယဉ်လမ်း အရောက်၌ **ဦးသိန်းအောင်**နှင့် ဇနီး ဖြစ်သူတို့အား ပစ္စတိုဖြင့် ခုနစ်ချက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**လုပ်ကြံသတ်ဖြတ်**

အလားတူ ဖမ်းဆီးရမိတရားခံ **စစ်ဇော်ကံ(ခ) ဟန်သာထွန်းနှင့်ဗညားစိုးထက် (ခ)လီယို**တို့၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက်တွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းရှိ ကုန်စုံဆိုင်ပိုင်ရှင် ဦးဆန်းလင်းနှင့်ဇနီး ဖြစ်သူတို့အား သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ရာတွင် ကျန်းမာရေးအထောက် အကူပြုအဖွဲ့ ပုံစံ PPE ဝတ်စုံများဝတ်ဆင်ကာ **အောင်လေး**နှင့်အတူ ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း၊ ထိုသို့ လုပ်ကြံသတ်ဖြတ်မှုအတွက် **Jame(YUG အဖွဲ့)** ထံမှ ငွေကျပ် ၇ သိန်း ရရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **စစ်ဇော်ကံ(ခ) ဟန်သာထွန်း**သည် အောက်တိုဘာ ၂၁ ရက်တွင် **ပြည်သူ့စွမ်းအားရွှေ့လျားအဖွဲ့ (People Power Movement–PPM)** အဖွဲ့ထံမှ လက်လုပ်ချိန်ကိုက်ဗုံးနှစ်လုံးတွဲ သုံးလုံးရရှိခဲ့ပြီး အဆိုပါ လက်လုပ်ချိန်ကိုက် ဗုံးများအား အောက်တိုဘာ ၂၂ ရက်တွင် **(Rangoon Urban Revoultionary–RUR)** အဖွဲ့ဝင်တစ်ဦးထံ ပေးအပ်ပြီး မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ EPC ရုံးအနီးတွင် ဖောက်ခွဲစေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


**နောက်ကွယ်မှ ငွေကြေးထောက်ပံ့မှု**

ဖမ်းဆီးရမိ တရားခံများအနေဖြင့် **ဦးသိန်းအောင်**ကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းမှာ **စစ်ဇော်ကံ(ခ) ဟန်သာထွန်း** ပါဝင်သော YRF အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG သည် **Jame (YUG အဖွဲ့)**မှတစ်ဆင့် နောက်ကွယ်မှ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်၍ နိုင်ငံအတွင်း အစိုးရနှင့်ချိတ်ဆက်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော ပြည်ပ စီးပွားရေးလုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ခြင်းမရှိစေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးအဆောက်အဦများ၊ လုပ်ငန်း တာဝန်ခံများအား လုပ်ကြံသတ်ဖြတ်ခြင်း ဖြစ်ကြောင်းနှင့် အစိုးရ၏ နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး အား ထိခိုက်ပျက်ပြားစေရန် ငွေကြေး ထောက်ပံ့ကာ အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ ပါဝင်ဖွဲ့စည်းထားသော YRF အဖွဲ့အား Jame (YUG အဖွဲ့)မှ အမိက စေခိုင်းနေခြင်းဖြစ်ပြီး လက်အောက်တွင် အကြမ်းဖက်အဖွဲ့ ၁၂ ဖွဲ့ ရှိကြောင်း၊ Jame (YUG အဖွဲ့) သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG/CRPH တို့နှင့် ချိတ်ဆက်၍ ငွေကြေး/လက်နက်အထောက်အပံ့များ ရယူကာ အကြမ်းဖက်မှုများကို စေခိုင်းလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

**ထိရောက်စွာ အရေးယူ**

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ဆုငွေများ ထိုက်တန်စွာ လျှို့ဝှက်ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံ

# မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးဘေးရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ လုံခြုံရေးအဖွဲ့ဝင်များကို ပစ်ခတ်မှုဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

**၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ ခန့်တွင် မင်္ဂလာဒုံမြို့နယ် အမှတ် (၃)လမ်းမကြီး ဘေးရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝင်/ထွက်ပေါက်၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် အဖွဲ့ဝင်များအား အမည် (စိစစ်ဆဲ) အမျိုးသားသုံးဦး မောင်းနှင်လာသည့် Probox ယာဉ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဝန်ထမ်းတစ်ဦး၊ အပြစ်မဲ့ပြည်သူတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာများ အသီးသီးရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။**

**တရားခံများအား ဖော်ထုတ်ဖမ်းဆီး**

အထက်ပါ အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်ခဲ့သော တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ အေးချမ်းစွာနေထိုင်လိုသော တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၁၂ ရက်တွင် အကြမ်းဖက်မှုဖြစ်စဉ်၌ အသုံးပြုခဲ့သည့် Probox ယာဉ်အားငှားရမ်းပေးခဲ့သည့် **ဟန်လင်းသိန်း(ခ) ရဲလင်းသိန်း (၄၀နှစ်)** အား မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ မိုးမခလမ်း ဆောင်းသဇင်အဆောင်၌ လည်းကောင်း၊ ၎င်းယာဉ်အား ငှားရမ်းထားသည့် **တင်ဇော်မြင့်**(၂၉)နှစ်အား ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ပုလဲဂေဟာလမ်း၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တရားခံ**တင်ဇော်မြင့်**၏ ထွက်ဆိုချက်အရ **သန်းနိုင်(ခ)ဘဲဥ (၂၉ နှစ်)**၊ **ပြည့်စုံအောင်(ခ) အသေးလေး (၂၁ နှစ်)**နှင့် **လွင်မိုး (၂၃ နှစ်)**တို့ သုံးဦးအား ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ဗဟိုလမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **သန်းနိုင်(ခ)ဘဲဥ**၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့ ငှားရမ်းနေထိုင်သည့် ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ပတ္တမြားလမ်း (ဖ)လွှာ အမှတ် (၁၇၂)၊ (ဘီ)အခန်းအား ဝင်ရောက်ရှာဖွေခဲ့ရာ ပစ်ခတ်မှုဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် M16 နှစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ ၅.၅၆ ကျည်တောင့်၃၂၀၊ ကျည်ခွံ ၃၄ တောင့်၊ ၉ မမ ကျည် ၅၅ တောင့်၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ အားသွင်းခုံ နှစ်ခု၊ ဓာတ်ခဲ ၁၅ လုံး၊ လက်အိတ် တစ်စုံတို့အား လည်းကောင်း၊ ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ပတ္တမြားလမ်း တိုက်အမှတ် (၁၅၀) အခန်း(1/A)၌ ၉ မမ ကျည်တောင့် ၂၀၊ ၅.၅၆ ကျည်တောင့် ၂၀၊ ဒီတိုနေတာ ငါးချောင်း၊ ဒီတိုနေတာ ကြိုးခွေ လေးခွေ၊ icom ဘက်ထရီပတ် ၁၂ ခု၊ သံဘောစေ့ ၁၂ ဘူးပါကတ် ၂၀၊ icom အထိုင်စက် လေးလုံး၊ လမ်းလျှောက်စကားပြောစက် လေးလုံးနှင့် ဖောက်ခွဲရေးပစ္စည်းများ ထည့်ထားသော ဂက်စ်အိုးတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး ဂက်စ်အိုးအား ဖွင့်ဖောက် စစ်ဆေးခဲ့ရာ ၅.၅၆ ကျည်တောင့် ၄၈၀၊ ဒီတိုနေတာချောင်း ၂၀၊ ယမ်းပြင်း ၃ ကီလိုဂရမ်တို့အား ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

တရားခံ **သန်းနိုင်(ခ)ဘဲဥ**၏ ထွက်ဆိုချက်အရ လက်နက်/ခဲယမ်းများ သယ်ဆောင်ခဲ့ပြီး ပစ်ခတ်မှုဖြစ်စဉ်တွင်ပါဝင်သူ **ဝေယံထက်နိုင်** (၂၈ နှစ်)အား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မန္တလေးလမ်းမီးပွိုင့်၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **ဝေယံထက်နိုင်**၏ ထွက်ဆိုချက်အရ လသာမြို့နယ် (၁)ရပ်ကွက် ၂၃ လမ်းထိပ် အမှတ်(ဖ၀၄)အား ဝင်ရောက်ရှာဖွေခဲ့ရာ မျိုးနိုင်(၅၈)နှစ်အား PDF အဖွဲ့များအား ထောက်ပံ့သည့် နိုင်ငံခြားဆေးပစ္စည်းမျိုးစုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံသိမ်းဆည်းရမိ**

နိုဝင်ဘာလ ၁၄ ရက်တွင် တရားခံ **မျိုးနိုင်**၏ ထွက်ဆိုချက်အရ (Myanmar Underground Revolution Movement–MURM) အဖွဲ့မှ ဖမ်းဆီးရန် ကျန်တရားခံ **မမေ(ခ) မိုးသူခိုင်(ခ)မေသက်ခိုင်** ငှားရမ်းနေထိုင်သည့် မြောက်ဒဂုံမြို့နယ် သမာဓိလမ်း အမှတ်(၃၉/၂၉၉)အား ဝင်ရောက်ရှာဖွေခဲ့ရာ အကြမ်းဖက်လုပ်ငန်းများနှင့် ဖောက်ခွဲရေး လုပ်ငန်းများတွင် အသုံးပြုသည့် ပွိုင့် ၃၈၀ ကျည်တောင့် ၅၀၊ ကျည်အိမ်နှစ်ခု၊ လက်လုပ်ဗုံး သုံးလုံး၊ ဒီတိုနေတာ သုံးခု၊ လက်လုပ်ယမ်း ၂၅ ထုပ်၊ ယမ်းကြိုးများ၊ လက်လုပ်ယမ်းမှုန့်(၃၀ ကျပ်သားခန့်) တစ်ထုပ်၊ အက်စစ် ၅ ဂါလန် လေးပုံး၊ ဓာတုဗေဒသုံး ဖန်ပြွန်ချိန်ခွက် ၁၇ ခု၊ ဖန်ပြွန် လေးခု၊ ကြေးပိုက် ၁၅ ချောင်း၊ ပိုတက်ဆီယံနိုက်ထရိတ် (၂၅ ကီလို) တစ်အိတ်၊ ဂက်စ်အိုး ကိုးလုံး၊ ဝရိန်စက် တစ်လုံး၊ MPT ဆင်းကတ် ခု ၃၀၊ Keypad ဖုန်း ၁၁ လုံး၊ မှတ်ပုံတင်အတု ၁၁ ခု၊ ဓာတ်ခဲပါ ရီမုမိုင်းခလုတ်ခု ၂၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **အမျိုးသား ခုနစ်ဦး**၊ M 16 ၂ လက်၊ ကျည်အိမ် ၉ ခု၊ ၅.၅၆ ကျည်တောင့် ၈၂၀ ၊ ပွိုင့် ၃၈၀ ကျည်တောင့် ၅၀ ၊ ကျည်ခွံ ၃၄ တောင့်၊ ၉ မမကျည် ၇၅ တောင့်၊ လက်လုပ်ဗုံး သုံးလုံး၊ ဒီတိုနေတာ ၂၈ ချောင်း၊ ဒီတိုနေတာကြိုးခွေ လေးခွေ၊ ယမ်းပြင်း ၃ ကီလိုဂရမ်ခန့်၊ သံဘောစေ့ ၁၂ ဘူးပါ ၂၀ ကတ်၊ လမ်းလျှောက်စကားပြောစက် ခုနစ်လုံး၊ icom အထိုင်စက် လေးလုံး၊ ဆေးမျိုးစုံနှင့် ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့သည်။

**အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့**

တရားခံ **သန်းနိုင်(ခ)ဘဲဥ** (Fight For Freedom–FFF) အဖွဲ့၏ ထွက်ဆိုချက်အရ ဂျပန်နိုင်ငံတွင် မြန်မာထမင်းဆိုင် ဖွင့်လှစ်ရောင်းချနေသော ဖမ်းဆီးရန်ကျန် တရားခံ **သန်းထိုက်စိုး(ခ)စိုးကြီး**သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၊ CRPH တို့နှင့် ဆက်သွယ်၍ မြန်မာနိုင်ငံအတွင်းရှိ အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးလျက်ရှိကြောင်း၊ **သန်းထိုက်စိုး(ခ)စိုးကြီး** အနေဖြင့် NUG မှ **လွင်ကိုလတ်** ပြုလုပ်သော Zoom Meeting များတွင် တက်ရောက်၍ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုအခြေအနေများအား ပြောကြားရကြောင်းနှင့် ၎င်းသည် FFF အဖွဲ့အပြင် အခြားအကြမ်းဖက်အဖွဲ့များအားလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ဝေယံထက်နိုင်**သည် **မမေ(ခ) မိုးသူခိုင်(ခ)မေသက်ခိုင်** ဖွဲ့စည်းထားရှိသော MURM မှ ဖြစ်ပြီး တရားခံ **လွင်မိုး** မှာ ပဲခူး PDF အဖွဲ့မှ ဖြစ်ကာ ၎င်းသည် **မိုးသီဟ**နှင့်အတူ KNLA တပ်မဟာ ၁ နယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းအား တက်ရောက်ခဲ့ကြောင်းနှင့် တရားခံ **မျိုးနိုင်**သည်

*စာမျက်နှာ ၁၂ သို့*

မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား






လသာမြို့နယ် (၁) ရပ်ကွက် နေအိမ်အတွင်းမှ သိမ်းဆည်းရမိသည့် ဆေးပစ္စည်းများ။



ကမာရွတ်မြို့နယ် (၃)ရပ်ကွက် အမှတ်(၁၇၂) (ဖ)လွှာ(ဘီ)အခန်း၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ။

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်နေသော NLD ပါတီဝင် မောင်ကျော်(ခ)ဖြိုးဇေယျာသော်အား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော CRPH ၊ NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် အဖွဲ့အစည်းဖြစ်သည့် NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များကို ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့သော တရားခံ အမျိုးသား ၄၀၊ အမျိုးသမီး ခုနစ်ဦး ပေါင်း ၄၇ ဦးကို လက်နက်ငယ်မျိုးစုံ ၃၄ လက်၊ ကျည်အိမ်မျိုးစုံ ၇၀ ၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဖုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀လုံး၊ ရီမုမိုင်းလေးလုံး၊ ရှေ့ထွက်မိုင်း လေးခု၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ်နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်၊ မှန်ပြောင်း တစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများအား ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်အား နိုဝင်ဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။



ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စေခိုင်းနေသော တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော် အား လက်နက်/ ခဲယမ်းများနှင့် အတူ ဖမ်းဆီးရမိစဉ်။

### ဖမ်းဆီးရမိ

ထိုကဲ့သို့ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်မှုများကို လက်မခံသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် နိုဝင်ဘာ ၁၈ ရက်တွင် NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော်အား ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ် (3/B)၊ အခန်းအမှတ် (B-0907)၌ Sigsauer အမျိုးအစား ပစ္စတို နှစ်လက်၊ ၉ မမ ကျည် ၄၈ တောင့်၊ M-16 သေနတ် တစ်လက်၊ ၅.၅၆ ကျည် ၇၄ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ မောင်ကျော် (ခ) ဖြိုးဇေယျာသော်အား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာနှင်းဆီအိမ်ရာ ရတနာလမ်း တိုက်အမှတ် (3/B) အခန်းအမှတ် B-0907 အိမ်ရာကို တွေ့ရစဉ်။

### ဆက်လက်ထုတ်ပြန်မည်

အဆိုပါ NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော်၏ အကြမ်းဖက်ဆောင်ရွက်မှုများအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၁ မှ*

**မမေ(ခ)မိုးသူခိုင် (ခ)မေသက်ခိုင်** အား အောက်တိုဘာလအတွင်း မြောက်ဒဂုံမြို့နယ်၌ Safe House အဖြစ် လုံးချင်းတိုက်ခန်းအား ငှားရမ်းအသုံးပြုရန် ငွေကြေးများ ထောက်ပံ့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### အကြမ်းဖက် ပစ္စည်းများသယ်ဆောင်

စက်တင်ဘာလကုန်ခန့်တွင် **သန်းထိုက်စိုး(ခ) စိုးကြီး** သည် မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် တရားခံ **ဂျပန်**နှင့် ချိတ်ဆက်၍ တရားခံ **သန်းနိုင်(ခ)ဘဲဥ** ဦးဆောင်သည့် (FFF)အဖွဲ့အတွက် လက်နက်/ ခဲယမ်းများအား ပို့ဆောင်ခဲ့ကြောင်းနှင့် လက်နက်/ ခဲယမ်းများအား သယ်ယူရာတွင် အောက်ဆီဂျင်အိုးများ အတွင်း သို့ဝှက်ကာ သယ်ဆောင်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည့်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် လက်ရှိ ကိုဗစ်-၁၉ ရောဂါ အခြေအနေအရ ပြည်သူလူထုအနေဖြင့် အောက်ဆီဂျင်အိုးများ ပြတ်လပ်မှုမရှိစေရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းအဖြစ် လုံခြုံရေးဖြေလျှော့ပေးမှုအား အခွင့်ကောင်းယူကာ အကြမ်းဖက်ပစ္စည်းများအား သယ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

FFF အဖွဲ့နှင့် MURM အဖွဲ့တို့ ပူးပေါင်း၍ အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် အောက်တိုဘာလ ၅ ရက်တွင် တရားခံ **သန်းနိုင်(ခ)ဘဲဥ** ၊ **ပြည့်စုံအောင်(ခ) အသေးလေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကိုရဲ** တို့မှ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ရှိ လုံခြုံရေးအဖွဲ့များအား ပစ်ခတ်ရန် အခြေအနေ ကြည့်ရှုခဲ့ပြီး MURM အဖွဲ့မှ **ကိုရဲ** အပါ ငါးဦးနှင့် FFF အဖွဲ့မှ **သန်းနိုင်(ခ) ဘဲဥ**၊ **တင်ဇော်မြင့်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ရှမ်းလေး**၊ **ဝေယံထက် (ခ) သူရ** တို့လေးဦးပေါင်းကိုးဦးတို့ဖြင့် လုံခြုံရေးအဖွဲ့များအား ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုဝင်ဘာလ ၇ ရက်တွင် MURM အဖွဲ့မှ နှစ်ဦးသည် အခြေအနေစောင့်ကြည့်ခြင်းများ ပြုလုပ်ပြီး တရားခံ **သန်းနိုင်(ခ)ဘဲဥ**၊ **တင်ဇော်မြင့်**တို့နှစ်ဦးသည် Probox (အဖြူရောင်)ဖြင့် လည်းကောင်း၊ **ဝေယံထက် (ခ)သူရ**၊ **ရှမ်းလေးနှင့် ကိုရဲ**နှင့် စိစစ်ဆဲ အမျိုးသားနှစ်ဦး တို့သည် Probox (ခဲရောင်)ဖြင့် လည်းကောင်း သွားရောက်၍ Probox (ခဲရောင်)ပေါ်မှ M-16 သေနတ်နှစ်လက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး **သန်းနိုင် (ခ)ဘဲဥ** မှ လက်နက်/ ခဲယမ်းများအား ပြန်လည် သိမ်းယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



လွင်ကိုလတ်(NUG)



မေသက်ခိုင်(MURM)

### အပြစ်မဲ့ပြည်သူအား ပစ်ခတ်

အောက်တိုဘာလ ၂၈ ရက် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေ အပြစ်မဲ့ပြည်သူ **ဦးဖိုးချို**အား MURM အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၈ ရက်တွင် တရားခံ **သန်းနိုင် (ခ)ဘဲဥ**သည် **ဝေယံထက်(ခ) သူရ** ထံတွင် ရှိသည့် ပစ္စတိုအား ဖမ်းဆီးရန်ကျန် တရားခံ**ဖိုးကာ** (ကမာရွတ်PDF) ထံသို့ ငှားရမ်းပေးခဲ့ပြီး သေနတ်ငှားရမ်းခအဖြစ် ဖိုးကာမှ FFF အဖွဲ့အား ငွေကျပ် ၅ သိန်း ပေးအပ်ခဲ့ကြောင်း၊ နိုဝင်ဘာလ ၉ ရက်တွင် အဆိုပါ ပစ္စတိုဖြင့် ကမာရွတ်မြို့နယ် (၅) ရပ်ကွက်၌ အပြစ်မဲ့ပြည်သူ **ဒေါ်မြင့်မြင့်အေး (ခ)ဒေါ်ပြားကြီး**အား ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၁၀ ရက်တွင် ပစ္စတိုအား **ဝေယံထက် (ခ)သူရ** ထံပြန်လည်ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### သတင်းပေးတိုင်ကြားနိုင်

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ဆုငွေများ ထိုက်တန်စွာ လျှို့ဝှက်ချီးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သိရသည်။

**သတင်းစဉ်**



သေနတ်ဖြင့် ပစ်ခတ်ခံရသည့် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ ဝင်/ထွက်ပေါက်နေရာ။

❖ *ကျောဖုံးမှ*

**၁-၂-၂၀၂၁ ရက်မှ ၁၆-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် အစိုးရဝန်ထမ်း သေဆုံး/ဒဏ်ရာရရှိမှု စာရင်း**

**အစိုးရဝန်ထမ်း သေဆုံး**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | လွှတ်တော်ရုံး | ထွေ/အုပ် | အကျဉ်းဦးစီး | နတလ | ပြန်ကြားရေး | မြေစာရင်း | သစ်တော | လျှပ်စစ် | အကောက်ခွန် | လဝက | ပို့/ဆက်(မီးရထား) | ပို့/ဆက်(စာတိုက်) | ပညာရေး | ကျန်းမာရေး | ဆောက်လုပ်ရေး | စည်ပင် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၂ | | | | | | | | ၁ | | | | | | | | | ၁ |
| ၂ | ကချင် | ၂ | | | | | | | | | | | | ၁ | | | | | ၁ |
| ၃ | ကယား | ၂ | | | | | | | | | | | | | | | | | |
| ၄ | ကရင် | ၁ | | | | | | | | | | | | | | | | | |
| ၅ | ချင်း | ၂ | | ၁ | | | | | ၁ | | | | | | | | | | ၂ |
| ၆ | စစ်ကိုင်း | ၁၄ | | ၁ | | | | ၁ | | | | | | | ၄ | | ၁ | | ၇ |
| ၇ | တနင်္သာရီ | | | | | ၂ | | | | | | | | | | | | | ၂ |
| ၈ | ပဲခူး | ၄ | | | | | | | | | | | | | ၁ | | | | ၁ |
| ၉ | မကွေး | ၆ | | ၂ | | | | | | ၃ | | | | | ၂ | ၃ | | | ၁၀ |
| ၁၀ | မန္တလေး | ၁၅ | | ၁ | | | | | ၁ | | | | ၁ | | ၄ | | | | ၇ |
| ၁၁ | မွန် | ၂ | | ၁ | ၁ | | | | | | | | | | | | | | ၂ |
| ၁၂ | ရခိုင် | | | | | | | | | | | | | | | | | | |
| ၁၃ | ရန်ကုန် | ၈ | | ၁ | | | | | | | | | ၁ | | ၁ | | | ၁ | ၄ |
| ၁၄ | ရှမ်း | ၁ | | | | | | | | | | | | | | | | ၁ | ၁ |
| ၁၅ | ဧရာဝတီ | ၂ | | | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၆၂ | | ၇ | ၁ | ၂ | | ၁ | ၂ | ၄ | | | ၂ | ၁ | ၁၂ | ၃ | ၁ | ၂ | ၃၈ |

**အစိုးရဝန်ထမ်း ဒဏ်ရာရ**

| စဉ် | တိုင်း/ပြည်နယ် | လွှတ်တော်ရုံး | ထွေ/အုပ် | အကျဉ်းဦးစီး | နတလ | ပြန်ကြားရေး | မြေစာရင်း | သစ်တော | လျှပ်စစ် | အကောက်ခွန် | လဝက | ပို့/ဆက်(မီးရထား) | ပို့/ဆက်(ရေကြောင်း) | ပညာရေး | ကျန်းမာရေး | ဆောက်လုပ်ရေး | စည်ပင် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | | | | | | | | | ၂ | | | | | | | ၂ | |
| ၂ | ကချင် | | ၅ | | | | | | | | | | ၄ | ၁ | | | | ၁၀ | |
| ၃ | ကယား | ၁ | ၂ | | | | | | | ၁ | | | | | | | | ၄ | |
| ၄ | ကရင် | | ၁ | | | | | | | | | | | | | | | ၁ | |
| ၅ | ချင်း | | | | | | | | | | | | | | | | | | |
| ၆ | စစ်ကိုင်း | | ၁ | | | ၁ | | ၅ | | | ၂ | | | ၃ | ၂ | | ၁ | ၁၅ | |
| ၇ | တနင်္သာရီ | | | | | | | | | | | | | | | | | | |
| ၈ | ပဲခူး | | ၂ | | | | | | ၂ | | | | | ၅ | ၁ | | ၁ | ၁၁ | |
| ၉ | မကွေး | | ၁ | | | | | | | | | | | ၁ | ၂ | | | ၄ | |
| ၁၀ | မန္တလေး | | ၁ | | | | ၂ | | ၈ | ၁ | | ၁ | | ၄ | ၁ | | ၂ | ၂၁ | |
| ၁၁ | မွန် | | ၁ | | | | | | | | | | | | ၁ | | | ၂ | |
| ၁၂ | ရခိုင် | | | | | | | | | | | | | | | | | | |
| ၁၃ | ရန်ကုန် | | ၁ | | | | | | ၁ | | | | | | ၂ | | ၂ | ၆ | |
| ၁၄ | ရှမ်း | | | | | | | | | ၁ | | | | | | | | ၁ | |
| ၁၅ | ဧရာဝတီ | | | | | | | | ၁ | | | | | ၁ | | | | ၂ | |
| | စုစုပေါင်း | ၁ | ၁၅ | | | ၁ | ၂ | ၅ | ၁၂ | ၃ | ၄ | ၁ | ၄ | ၁၅ | ၈ | | ၆ | ၇၉ | |

အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကောင်းများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး အတွက် ရှေးရှု၍ ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



မိတ္ထီလာမြို့ မြို့ရှောင်လမ်း၌ အကြမ်းဖက်သူများက သစ်တောဝန်ထမ်းတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့အား သတ်ဖြတ်။

## ၁-၂-၂၀၂၁ ရက်နေ့မှ ၁၆-၁၁ ၂၀၂၁ ရက်နေ့ထိ နိုင်ငံ့တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများအား ဖမ်းဆီးခေါ်ဆောင်မှု ဖြစ်စဉ်များ



တန့်ဆည်မြို့နယ်၌ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ သတ်ဖြတ်။



နတ်မောက်မြို့နယ်၌ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ။



ပြည်ကြီးတံခွန်မြို့နယ်၌ အမျိုးသားတစ်ဦးအား အကြမ်းဖက်သူများက သေနတ်ဖြင့်ပစ်သတ်။

မင်းတပ်မြို့၌ အကြမ်းဖက်သူများက ဝန်ထမ်း အမျိုးသမီးတစ်ဦးအား သတ်ဖြတ်။



## အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း အခြေအနေများနှင့်ပတ်သက်၍ အီသီယိုးပီးယားဒုတိယဝန်ကြီးချုပ်နှင့် အမေရိကန်သံတမန်တို့ ဆွေးနွေး



အီသီယိုးပီးယား ဒုတိယဝန်ကြီးချုပ် ဒီမီကီမီကွန်နန်။

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၉**

အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း ပဋိပက္ခများနှင့် ပတ်သက်၍ အီသီယိုးပီးယားဒုတိယဝန်ကြီးချုပ် ဒီမီကီမီကွန်နန်နှင့် အာဖရိကဦးချိုဒေသ အမေရိကန် အထူးသံတမန် ဂျက်ဖရီဖလက်မန်းတို့ တွေ့ဆုံကာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒီမီကီမီကွန်နန်သည် အီသီယိုးပီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သည်။ တီဂရေး ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (TPLF) ကို သစ္စာခံသော တပ်ဖွဲ့ဝင်များကြောင့် အာဖာဒေသနှင့် အမ်ဟာရာဒေသတို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် စီးပွားရေးပျက်စီးမှုတို့ ဖြစ်ပေါ်ကြရသည်ဟု ပြောသည်။

အဆိုပါဒေသနှစ်ခုမှ TPLF တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရေး အမေရိကန်ပြည်ထောင်စုမှ ဖိအားပေးရန်အတွက်လည်း ၎င်းက ဆက်လက် တောင်းဆိုခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ သယ်ဆောင်လာသည့် ထရပ်ကား ၃၆၉ စီးကိုလည်း တီဂရေးဒေသသို့ ဝင်ရောက်ခွင့်ပြုရန် ၎င်းက ကြေညာခဲ့သည်။ တီဂရေးဒေသပဋိပက္ခမှာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၄ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## ဂျာမနီနိုင်ငံ၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များကို အရှိန်တိုးမြှင့်သွားမည်

**ဘာလင် နိုဝင်ဘာ ၁၉**

ဂျာမနီနိုင်ငံသည် ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ကန့်သတ်ချက်များကို အရှိန်တိုးမြှင့် လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ကူးစက်ခံရသူ ၆၀၀၀၀ ထက် ကျော်လွန်သွားသည့်နောက် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၈ ရက်တစ်ရက်တည်းတွင်ပင် ကိုဗစ် -၁၉ ကူးစက်ခံရသူဦးရေမှာ ၆၅၃၇၁ ဦးရှိသည်ဟု နိုင်ငံ၏ ကူးစက်ရောဂါ အေဂျင်စီတစ်ခုဖြစ်သော ရောဘတ်ကို့ချ် အင်စတီကျုက ပြောသည်။

နိုင်ငံအတွင်း အချို့သော နေရာများ၌ ကျန်းမာရေးစနစ်မှာ ဝန်ပိနေပြီဖြစ်ကြောင်းကိုလည်း အဆိုပါအင်စတီကျုက ထောက်ပြလျက်ရှိသည်။

ကန့်သတ်ချက် အဆင့်များကို တိုးသွားမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောသည်။ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသည့် လူနာအရေအတွက်အပေါ် မူတည်ကာ ကန့်သတ်ချက်တိုးမြှင့်မှုများ ပြုလုပ်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိ ထုတ်ပြန်ထားသည့် စည်းမျဉ်းအရ လူဦးရေ တစ်သိန်းတွင် ဆေးရုံတက်ရသည့် လူနာ သုံးဦးထက် ကျော်လွန်သည့်ဒေသများတွင် စားသောက်ဆိုင်များနှင့် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများသို့ ကာကွယ်ဆေး ထိုးပြီးသားများသာသွားလာနိုင်သည်ဟု သိရသည်။


ဂျာမနီနိုင်ငံ ဘာလင်မြို့၌ သွားလာလှုပ်ရှားနေကြသူများ။

ဂျာမနီနိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးမှုမှာလည်း ကျဆင်းလျက်ရှိသည်။ အချို့သော နေရာများတွင် ကာကွယ်ဆေး ထိုးကြရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။ လက်ရှိကပ်ရောဂါ အခြေအနေမှာ စိုးရိမ်စရာကောင်းသည့်အတွက် ကာကွယ်ဆေး ထိုးနှံမှု ခံယူကြရန် အိန်ဂျလာမာကယ်က တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံစီးပွားရေး ဦးမော့လာစေရန် နိုင်ငံခြားသားခရီးသွားများကို ဖိလစ်ပိုင်ဝင်ရောက်ခွင့်ပြုတော့မည်

**မနီလာ နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံသည် မကြာမီကာလအတွင်း တရုတ်နိုင်ငံနှင့် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအန္တရာယ်အနိမ့်ဆုံးဖြစ်သည့် သို့မဟုတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အန္တရယ်အစိမ်းရောင် သတ်မှတ်ထားသည့် နိုင်ငံပေါင်း ၄၀ ကျော်မှ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားသည့်နိုင်ငံခြားသားများကို မကြာမီ ဝင်ရောက်ခွင့်ပြုသွားတော့မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး ကာလိုနိုဂရာလက်စ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်လုပ်ငန်းအဖွဲ့၏ တွဲဖက်ဥက္ကဋ္ဌ နိုဂရာလက်စ်က အစိုးရသည် ပြန်ဖွင့်မည့် အတိအကျရက်များအပါအဝင် လမ်းညွှန်ချက်များကို အပြီးသတ်လုပ်ဆောင်လျက်ရှိကြောင်း ပြောသည်။ မိမိတို့ရဲ့ အပန်းဖြေကမ်းခြေများကို နိုင်ငံခြားသားခရီးသွားတွေအတွက် ပြန်လည်ဖွင့်လှစ်မည့်ဆုံးဖြတ်ချက်သည်ကိုဗစ်-၁၉ ကြောင့် အထိနာခဲ့သော စီးပွားရေးကို ပြန်လည်ဦးမော့စေမည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း အစည်းအဝေးတွင် နိုဂရာလက်စ်က ပြောသည်။

ခရီးသွားကဏ္ဍသည် စီးပွားရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံခြားသားများကို ဝင်ရောက်ခွင့်ပြုခြင်းသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၉ ရက်က နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၈၅ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အတည်ပြုလူနာပေါင်း ၂၈၃၂၁၀ ရှိလာပြီဖြစ်သည်။

ထို့ပြင်နောက်ထပ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၇၇ ဦး အပါအဝင်စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၆၆၉၈ ဦး ရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်နေထိုင်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားကတည်းက ယခုအချိန်အထိ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၂ သန်းကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

## အီတလီနိုင်ငံ၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များ တင်းကျပ်သွားရန် အစီအစဉ်မရှိ

**ရောမ နိုဝင်ဘာ ၁၉**

ကိုဗစ်-၁၉ ကန့်သတ်ချက်များကို တင်းကျပ်သွားရန် အစီအစဉ်မရှိဟု ကျန်းမာရေးအရာရှိတစ်ဦးက နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။ နိုင်ငံမြောက်ပိုင်းဒေသအချို့တွင် ကူးစက်မှုနှုန်းများ များပြားလာသော်လည်း ကန့်သတ်ချက်များတင်းကျပ်သွားရန် အစီအစဉ်မရှိဟု သိရသည်။

နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိပြီး ကျန်းမာရေးအဆင့်အတန်းမှာလည်း ပြောင်းလဲမှုမရှိဟု ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ တစ်ဦးဖြစ်သူ အန်ဒရီယာကိုစတာက ပြောသည်။

နိုဝင်ဘာ ၁၈ ရက်တွင် အီတလီ၌ ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၁၀၆၅၂ ဦးရှိပြီး ကူးစက်ခံရသူ ၁၀၀၀၀၀ အထက် တွင်ရှိနေသည်မှာ နှစ်ရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက်အထိ အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၄၅ ဒသမ ၈ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## ဒီဇင်ဘာလအတွင်း ဟွန်ဒါစက်ရုံသုံးရုံ မူလအတိုင်း ပြန်လည်လည်ပတ်နိုင်လိမ့်မည်ဟု မျှော်မှန်းထား

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံရှိ ဟွန်ဒါစက်ရုံသုံးရုံကို ဒီဇင်ဘာလအတွင်း မူလအတိုင်း ပြန်လည်လည်ပတ်နိုင်ရေး မျှော်မှန်းထားသည်ဟု ဟွန်ဒါကားကုမ္ပဏီက ပြောသည်။ အဆိုပါ စက်ရုံသုံးရုံမှာ ဆူဇူကာမြို့ ဆိုင်တမာခရိုင်ရှိ ယိုရီမြို့နှင့် ဆာယာမာမြို့ တို့တွင်ရှိသည်ဟု ကုမ္ပဏီက ပြောသည်။ ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်သည့်အတွက် ယခုနှစ်အစောပိုင်းတွင် စက်ရုံရှိ ထုတ်လုပ်မှုကို လျှော့ချခဲ့ရသည်။

တိုယိုတာ ကားကုမ္ပဏီကလည်း ဂျပန်ရှိ ၎င်းတို့ပိုင် စက်ရုံအားလုံးကို ဒီဇင်ဘာလအတွင်း ပုံမှန်ပြန်လည်လည်ပတ်နိုင်မည်ဟု ကြေညာခဲ့သည်။ ခုနစ်လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပုံမှန်အတိုင်း ပြန်လည်လည်ပတ်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## အီရတ်နိုင်ငံ၌ အိုင်အက်စ်ဒေသတွင်း ခေါင်းဆောင်ကိုဖမ်းမိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၉**

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၈ ရက် စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ဒေသတွင်း အိုင်အက်စ်ခေါင်းဆောင်တစ်ဦး အပါအဝင် အကြမ်းဖက်သမား ရှစ်ဦးကို ဖမ်းမိခဲ့သည်ဟု သိရသည်။

အီရတ်နိုင်ငံအနောက်ပိုင်း ပြည်နယ်အန်ဘာ၌ အီရတ်အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံသည် ၂၀၁၇ ခုနှစ် အိုင်အက်စ်တို့ကိုနှိမ်နင်းခဲ့ပြီးသည့်အချိန်မှ စတင်ကာ လုံခြုံရေးအခြေအနေမှာ တိုးတက်လာခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၈-၁၁-၂၀၂၁ ရက်မှ ၁၉-၁၁-၂၀၂၁ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၀ ဒသမ ၅၁၀ သန်း ဖြစ်သည်။ ၁၉-၁၁-၂၀၂၁ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၅-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၁၅,၈၂၇,၀၇၅,၁၄၂.၅၃ |
| (+) ၈-၁၁-၂၀၂၁ မှ ၁၉-၁၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၅၁၀,၀၀၀.၀၀ |
| (-) သုံးစွဲငွေ (EDC-600012 သို့ လွှဲပြောင်းခြင်း) (၁၉-၁၁-၂၀၂၁) | ၄၅,၈၉၈,၂၀၀,၀၀၀.၀၀ |
| ၁၉-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၉,၉၂၉,၃၈၅,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၅-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၆၂,၃၄၉.၅၃ |
| (+) ၈-၁၁-၂၀၂၁ မှ ၁၂-၁၁-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (+) OA-013733 မှ လွှဲပြောင်းခြင်း (၁၉-၁၁-၂၀၂၁) | ၂၅,၈၀၀,၀၀၀.၀၀ |
| ၁၉-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA-013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၈-၁၁-၂၀၂၁ ရက်နေ့မှ ၁၉-၁၁-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၀-၁၁-၂၀၂၁ | ၄၀၀,၀၀၀ |
| ၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၄၀၀,၀၀၀ |
| | ၁၉-၁၁-၂၀၂၁ | ၁၁၀,၀၀၀ |
| ၁ | ဦးငွေးမောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ။) | ၁၁၀,၀၀၀ |
| | (၈-၁၁-၂၀၂၁ ရက်နေ့မှ ၁၉-၁၁-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၅၁၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၂၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၀၀ ရှိ

**(၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၁၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၂၄) ဦးတွေ့ရှိရ**ပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၈၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၂၆,၂၅၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၆,၇၇၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၈၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၉,၁၄၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၀၀၀) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ် ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ (၅) ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများ ရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။

အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊ အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊ သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၇၂)ခု | (၈၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၀)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၄)ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၇)ခု | (၆)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၉)ခု | (၄)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆)ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၉၉)ခု | (၁၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၈)ခု | (၁၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၀၇)ခု | (၄၉၈)ဦး |
| **စုစုပေါင်း** | (၂၂,၁၆၂)ခု | (၆၂၄)ဦး |

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမျိုးသားစာပေတစ်သက်တာဆုရှင် ကဗျာဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)

ရှင်စောဖြူ(စာပေဗိမာန်)

- **အနောက်နေသည်**
  **စေတီတစ်ဆူ၊ ထုံးဖြူဖြူကို**
  **ပူဇော်ကန်တော့၊ ခပ်ဖျော့ဖျော့။**
- **ညောင်ပင်အိုသည်**
  **လေကိုလက်ခံ၊ ရွက်ခတ်သံနှင့်**
  **တေးထံတျာနေ့၊ ခပ်ပျော့ပျော့။**

ကျွန်မ အလယ်တန်းကျောင်းသူဘဝကပင် ဆရာကိုလေး(အင်းဝဂုဏ်ရည်)၏ 'ခြင်းပွဲ' ဆိုသည့် ကဗျာနှင့် ထိတွေ့ခဲ့ရသည်။ ကျောင်းဝင်းအတွင်း ထုံးဖြူဖြူ စေတီအနီး ညောင်ပင်ခြေရင်းတွင် အပေးအယူ ခြေညီညီဖြင့် တက်ကြွဖွယ် ခြင်းဝိုင်းဖွဲ့ကြပုံမြင်ကွင်းကို စိတ်မျက်စိထဲ မြင်လာအောင် ကဗျာက ဖွဲ့ထားသဖြင့် ထိုကဗျာကို စွဲနေမိသည်။

## ဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)

စိတ်၏ အစာ၊ ဦးနှောက်၏ အာဟာရဟုဆိုနိုင်သည့် စာကောင်းပေမွန်လက်ရာများကို ဖန်တီးရေးသားခဲ့သော စာပေပညာရှင်ကြီးများကို ချီးမြှင့်မြှောက်စားခြင်းမှာ မင်္ဂလာတရားတော်နှင့်ညီပေသည်။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးပေါ်ထွက်ခဲ့ရာ ဆရာကြီး ဦးဝင်းဖေ(မြဇင်)၊ ဆရာကြီး ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း) နှင့် ဆရာကြီး ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်) တို့ဖြစ်သည်။

ဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)ကို အဖ ဦးချွန်၊ အမိ ဒေါ်မမကြီးတို့က ၁၉၃၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အင်းဝမြို့၊ ဈေးချို-ပန်းပဲတန်းရပ်၌ မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်အနက်မှ အကြီးဆုံးဖြစ်သည်။ ၁၉၄၂ - ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း မန္တလေးမှ အင်းဝသို့ စစ်ရှောင်ပြေးလာသော အမ်အေဒေါ်အုန်း၊ မန္တလေးအမျိုးသားကျောင်းဆရာများနှင့် ဖခင် ဦးချွန်တို့ တည်ထောင်သော အင်းဝဂုဏ်ရည်ကျောင်းတွင် ပညာသင်ယူခဲ့သည်။

အင်းဝဂုဏ်ရည် ကျောင်းသည် မန္တလေးအမျိုးသားကျောင်းဆရာများ၏ သင်ကြားပေးမှုကြောင့် Scott လှုပ်ရှားမှု၊ အားကစားလှုပ်ရှားမှု၊ ဂီတလှုပ်ရှားမှု စသည့် ဘက်စုံသင်ကြားပေးသော အဆင့်မြင့်ကျောင်း တစ်ကျောင်းဖြစ်သည်။ စစ်ကြီးပြီးသောအခါ ဗန်းမော်မှ ကျောင်းအုပ်ဆရာကြီး ဦးဂျင်၏ Private English School တွင် အင်္ဂလိပ်စာ သင်ယူခဲ့သည်။ ပြာသာဒ်ကျောင်းဆရာတော် ဦးသြဘာသထံတွင်လည်း တစ်ပြိုင်တည်း ပညာသင်ယူခဲ့သည်။

၁၉၅၂ ခုနှစ်တွင် စစ်ကိုင်းမြို့ အထက်တန်းကျောင်း၌ ပညာဆက်လက်သင်ယူခဲ့သည်။ ၁၉၅၃-၁၉၅၄ ပညာသင်နှစ်တွင် တံတားဦးမြို့၌ အထက်တန်းကျောင်း ဖွင့်သောအခါ ပြောင်းရွှေ့သင်ယူခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ မန္တလေးတက္ကသိုလ်တွင် Pure Science ဘာသာတွဲကို Inter Part B အထိ သင်ယူခဲ့သည်။ မန္တလေးတက္ကသိုလ် အဆောင်များ စာကြည့်တိုက်မှူး၊ စစ်ကိုင်းခရိုင်အသင်း ဥက္ကဋ္ဌမှူး၊ မန်းတက္ကသိုလ် ကလောင်ရှင်များအသင်းတို့တွင် ပါဝင်လှုပ်ရှားခဲ့သည်။

ဆဋ္ဌမတန်း ကျောင်းသားအရွယ်တွင် ကဗျာများ စတင်ရေးသားခဲ့သည်။ မန္တလေးမြို့တွင် ထုတ်ဝေသော မြန်မာ့လမ်းစဉ်သတင်းစာပါ 'ကျွန်တော်တို့ဌာနေ ရွှေအင်းဝ' ကဗျာဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဆရာမ ဒေါ်ညွန့်ညွန့်နှင့် အိမ်ထောင်ကျခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် တံတားဦးမြို့ တောင်ဘီလူးကျောင်း၌ ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၆၃-၁၉၆၅ ခုနှစ်တွင် ကံဘဲ့ဆရာအတတ်သင် သိပ္ပံ၌ အလယ်တန်းပြဆရာဖြစ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၆၅-၁၉၆၇ ခုနှစ်တွင် တံတားဦးမြို့ မြေငူရွာ အလယ်တန်းကျောင်း၌ အမှုထမ်းခဲ့သည်။

ရရှိခဲ့သော စာပေဆုများမှာ ၁၉၆၅ ခုနှစ်အတွင်း ဗီယက်နမ်နှင့် သွေးစည်းညီညွတ်ရေးအတွက် ငုယင်ဗန်ထရွိုင်း ငွေဒိုင်းဆု၊ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆု (ကဗျာ) ပထမဆု၊ ၂၀၁၂ ခုနှစ် မွန်းတည့်အမိ ကဗျာစာအုပ်ဖြင့် တော်ဘုရားလေး စာပေဆု (ကဗျာ)ဆု၊ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် ၂၀၁၅ ခုနှစ်အတွက် 'အိုအမေ' ကဗျာဖြင့် ရွှေဘိုမြို့ ပန်းကဗျာ စာပေဆုအသီးသီး ရရှိခဲ့သည်။

အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းကြီးက ကြီးမှူးကျင်းပသော ဓမ္မဗိမာန် စာတမ်းဖတ်ပွဲ၌ ပါဝင်ခဲ့သည်။ ပထမဦးဆုံး ကဗျာစာအုပ်မှာ 'လမ်းသစ်' ကဗျာစာအုပ်ဖြစ်ပြီး 'နဒီငါးသွယ်'၊ 'မွန်းတည့်အမိ' ကဗျာစာအုပ်များ ထုတ်ဝေခဲ့သည်။ ဟံသာဝတီသတင်းစာနှင့် စာနယ်ဇင်းများတွင် ဆောင်းပါးများကိုလည်းကောင်း၊ သာရမဂ္ဂဇင်းတွင် ဝတ္ထုတိုများကိုလည်းကောင်း ရေးသားခဲ့သည်။ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက စေလွှတ်သော စာပေဟောပြောပွဲများ၌ စာပေရေးရာများ ဟောပြောခဲ့သည်။ ၂၀၁၃ ခုနှစ် အမျိုးသားဓာတ်ရုံ(ရန်ကုန်)၌ ကျင်းပသော မြန်မာစာပေဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် အမျိုးသားဓာတ်ရုံ (ရန်ကုန်)၌ ကျင်းပသော နိုဘယ်စာပေပွဲတော်တွင် ကဗျာဆွေးနွေးသူအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။



ဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)

## လမ်းသစ်ကဗျာများ

ဆရာကြီးကိုလေး (အင်းဝဂုဏ်ရည်)သည် ၁၉၆၅ ခုနှစ်တွင် လမ်းသစ်ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု ကဗျာပေါင်းချုပ် ပထမဆု ရရှိခဲ့သည်။ ထိုစာအုပ်ကို ဆုချီးမြှင့်ရခြင်းအတွက် ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်မှာ "လမ်းဟောင်းမှ ခွဲထွက်၍ လမ်းသစ်ကို ထွင်ပြီးသွားရန် ရေးသား သီကုံးသဖြင့် 'လမ်းသစ်ကဗျာများ' ဟု အမည်ပေးထားသည်။ အရင်းရှင် စနစ်ဆန့်ကျင်ရေးလမ်းကြောင်း၊ ဆိုရှယ်လစ် စနစ် တည်ဆောက်ပြီးမည့်အချိန်ကို မျှော်မှန်းသော လမ်းကြောင်းစသည့် လမ်းကြောင်းသစ်ကို စာဆိုက သူနှင့်တစ်ပါတည်း လိုက်ပါကြရန် လှုံ့ဆော်စည်းရုံးထားလေသည်။ အချုပ်အားဖြင့် ဆိုသော် နိုင်ငံ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အခြေအနေအရပ်ရပ် စသည်တို့ကို ကောင်းသည်ကို ကောင်းသည့်အတိုင်း၊ မကောင်းသည်ကို မကောင်းသည့်အတိုင်း မူလရုပ်သွင် ပေါ်လွင်အောင် ဖွဲ့နွဲ့သီကုံးထားလေသည်" ဟု 'လမ်းသစ်ကဗျာများ' စာအုပ်ကို ခြုံငုံသုံးသပ်ထားသည်ကို တွေ့ရှိရပေသည်။

ထိုစာအုပ်တွင် ကဗျာအပုဒ်ပေါင်း ၇၀ မျှ ပါဝင်၍ ကဗျာဆရာကြီးတင်မိုးနှင့် ဆရာ မောင်စွမ်းရည်တို့၏ အမှာစာများကိုလည်း တွေ့ရှိရသည်။ ဆရာတင်မိုးက "ကိုလေးသည် လမ်းဟောင်းက အပြစ်အနာအဆာတို့ကို ကဗျာဖြင့် ထိုးဆိတ်ပြီးနောက် ပစ္စည်းမဲ့တို့၏ လမ်းသစ်ကို ဂုဏ်တင်ထား၏။ ထိုသို့ ပစ္စည်းမဲ့တိုက်ပွဲ၏ဂုဏ်ကို သိဒ္ဓိတင်ရာတွင် ကိုလေး၏ ကဗျာဉာဏ်သည် မည်မျှထက်လေသနည်း။ သူ့ကလောင်ထက်သည်နှင့်အမျှ ပစ္စည်းမဲ့ဘက်သားများ တိုးပွားလာပေလိမ့်မည်.." ဟု ထင်မြင်ချက်ပေးထားသည်။ ဆရာမောင်စွမ်းရည်၏ အမှာစာတွင် "ယနေ့ မြန်မာစာပေလောကတွင် ကဗျာရေးသူတွေ အလွန်များပြားပါသည်။ သည့်အတွက်လည်း ကဗျာသည် ကဝိတို့လက်မှ လူတန်းစားအမျိုးမျိုးလက်သို့ ရောက်ရှိလာပြီဖြစ်၍ ကျွန်တော်တို့ဝမ်းသာရပါသည်။ သို့သော် ယုတ်စွအဆုံး ကိုယ်ပြောလိုရာကို ထိရောက်ပီပြင်စွာ ပြောနိုင်သည်ဆိုသည့် ကဗျာမျိုးပင် အလွန်နည်းပါးလှပါသည်။ ထို့ကြောင့် ကိုလေး၏ ကဗျာများတွင် အခြားသော ကဗျာဂုဏ်ရည်တို့ကို ထားဘိဦး၊ ပီပြင်ကြည်လင်မှု ဂုဏ်ရည်ရှိနေသည်နှင့်ပင် ကျွန်တော်တို့အနေနှင့် ကျွန်တော်တို့ သူငယ်ချင်းအတွက် အားတက်ဂုဏ်ယူနေရပါပြီ" ဟု ထိုစဉ်က (၁၉၆၅ ခုနှစ်ဝန်းကျင်) ကဗျာလောက အခြေအနေကို ခြုံငုံသုံးသပ်ကာ မုဒိတာစကားဆိုထားသည်ကို တွေ့ရပါသည်။

ဆရာကြီးကိုလေး(အင်းဝဂုဏ်ရည်)၏ 'လမ်းသစ်ကဗျာများ'သည် အတွေးအရေးရှင်း၍ ရုပ်တည်ချက်ပြတ်သားသော ကဗျာများအဖြစ် ထိတွေ့ရပေသည်။ ထိုစာအုပ်မှ 'ခြင်းပွဲ' ကဗျာသည် အလယ်တန်းကဗျာလက်ရွေးစင်တွင် ထည့်သွင်းပြဋ္ဌာန်းခံရသလို 'လမ်းသစ်ကဗျာ' သည်လည်း အထက်တန်းကျောင်းသုံး လက်ရွေးစင်အဖြစ် ပြဋ္ဌာန်းခံခဲ့ရသည်။

## အင်းဝဂုဏ်ရည်

"ကိုလေး၏ ကဗျာစာအုပ်ကို ကောက်၍ကိုင်လိုက်မိလျှင် စာဖတ်သူတို့သည် ပထမဆုံး ကိုလေး၏ နောက်က 'အင်းဝဂုဏ်ရည်' ဆိုသည့် စာတန်းငယ်ကို 'ဘယ်လိုသဘောနှင့် ပါလိမ့်' ဟု တွေးမိကြပေလိမ့်မည်" ဟု ဆရာမောင်စွမ်းရည်၏ အမှာထဲကလိုပင် ကဗျာဖတ်သူ ကျွန်မသည်လည်း တွေးမိ၏။ ဆရာစွမ်း ညွှန်းဆိုထားသည့်အတိုင်း လမ်းသစ်ကဗျာစာအုပ်တွင် 'အင်းဝဂုဏ်ရည်'၏ ဗျူပွတ်ကို ဖော်ညွှန်းထားသည့် ကဗျာတစ်ပုဒ်ကို တွေ့ရသည်။ ထိုအင်းဝဂုဏ်ရည် ကဗျာထဲတွင် -

**"စစ်ကိုတိမ်းသည့်**
**တစိမ်းပြင်ပြင်၊ ပညာ့ရှင်တို့**
**သားရင်းမိဘ၊ များဆန္ဒကြောင့်**
**'အင်းဝဂုဏ်ရည်'**
**နာမည်ကြိုင်လှောင်း၊ စာသင်ကျောင်းကို**
**စုပေါင်းတည်ထောင်ကြချေပြီ"**

ဟူ၍ ဆရာကိုလေးက ထည့်သွင်းဖွဲ့ဆိုထား၏။ ဆရာကိုလေးသည် သူဖြတ်သန်းကျင်လည်ခဲ့ရသည့် ငယ်ဘဝပုံရိပ်များ၊ သူတက်ခဲ့ရသည့် ထိုအင်းဝဂုဏ်ရည်ကျောင်းကို တစ်သက်တာမမေ့နိုင်ဘဲ စွဲလမ်းခဲ့ရသည့် ခံစားချက်ကို ထိုကဗျာတွင် တွေ့ရသည်။

အင်းဝဂုဏ်ရည်ဟူသော ကဗျာသည် ဆရာ၏ငယ်ဘဝပုံရိပ်များကို ရုပ်ရှင်ကြည့်ရသလို အကြောင်းအရာအားလုံးတို့ကို ကဗျာတစ်ပုဒ်အဖြစ် ရေးဖွဲ့တင်ပြထားပါသည်။ စစ်အတွင်းကာလ လေယာဉ်ပျံများဖြင့် ဗုံးများ၊ စက်သေနတ်များနှင့် အဆက်မပြတ်ပစ်ခတ်နေသောကြောင့် တဲများ ပြာကျ၊ အိမ်များ မီးလောင်ကာ တိုက်များ ပြိုကျနေပုံ၊ ခြေပြတ်လက်ပြတ်ဖြစ်ကြ

*စာမျက်နှာ ၁၇ သို့*




ဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်) အမျိုးသားစာပေ တစ်သက်တာဆု(၂၀၁၄)ရစဉ်က စာပေမိတ်ဆွေများနှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၆ မှ*

သူများနှင့် သေဆုံးသွားသူများ အလောင်းချင်းထပ်နေပုံများကို ကပ်ဆိုးကျနေသောနေ့များအဖြစ် စစ်အတွင်း၏ ဒုက္ခတရားပုံရိပ်များကို ကြောက်လန့်ဖွယ်ဖတ်ရှုရပါသည်။ ထိုသို့ စစ်တွင်းကာလကြုံရချိန်တွင် -

**"စစ်လမ်းကျရာ၊ မြို့မှခွာ၍**
**တောရွာကျေးလက်၊ စေတီပျက်တွင်**
**တွယ်ဖက်မှီခို၊ လူဖြင့်စိုပြီ.."** ဟု စစ်ပြေးဒုက္ခသည်များ၏ ဘဝကိုလည်း ထိတွေ့ရသည်။

မြစ်များ ရစ်ခွေစီးဆင်းနေသော၊ မြေဆီလွှာများကောင်းပြီး စိမ်းလန်းနေသော မန်ကျည်းပင်အိုများ၊ ရွက်ချင်းယှက်နေသော ကုက္ကိုပင်၊ သရက်ပင်များ၊ ကျေးငှက်သာရကာများနှင့် နေပြောက်ထိုး၍မရအောင် လှချင်တိုင်းလှနေသည့် ယခင်က 'အင်းဝမြို့ဟောင်း' ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား မြင်ရအောင် ထိထိမိမိ မီးမောင်းထိုးပြပြီး စစ်လမ်းကျသောမြို့များမှ ပြည်သူများ စစ်ဘေးရှောင်ရန် တိုးဝှေ့ရောက်လာပုံ၊ ဖုံးခိုကျင်းများတွင် ခက်ခဲစွာ စားသောက်ရပုံ၊ ဖုံးသံငြိမ်သွားသော်လည်း ဖက်ဆစ်တို့၏ ခေးကိုဆွဲကိုင်ပြီး လူများကို နှိပ်စက်ပုံများကို မြင်ယောင်လာစေအောင် ရေးဖွဲ့ထားသည်။

'ကကြီးမှအ၊ ရေး၍ပြလည်း သားလုခများ၊ မသိပါက ရင်နာစရာကောင်းလှပါတကား' ဟူ၍ ကမ္ဘာစစ်မီး တောက်လောင်နေသဖြင့် စာမတတ်သော သားသမီးများ ဖြစ်လာမည်ကို သောကရောက်နေကြသည့် မိဘများနှင့် စစ်ကိုမလိုလားသော ပညာတတ်များ စုပေါင်းပြီး 'အင်းဝဂုဏ်ရည်' ဟူသော စာသင်ကျောင်းကို တည်ထောင် ခဲ့ကြသည်။ ဂုဏ်ယူစရာပင်ဖြစ်သည်။ မြို့သား တောသား မခွဲခြားဘဲ ပညာသင်ပေးပုံ၊ လေယာဉ်ပျံသံ၊ အမြောက်သံများနှင့် ဂျပန်တို့၏ နှိပ်စက်သံများကြားလျှင်ပင် ကျောင်းမပျက်ကြပုံ၊ ကျောင်းစာများကို ပျော်ရွှင်စွာ သင်ယူရင်း ပန်းပေါင်းတစ်ရာပွင့်သလို ပညာတတ်များ မွေးဖွားနိုင်ခဲ့ပုံကို ရေးဖွဲ့ထားပါသည်။


ဆရာသည် ဤကျောင်းတွင် တက်ရောက်စာသင်ခဲ့သော ကျောင်းသားတစ်ဦးဖြစ်သည်။ ဆိုးရွားသောခေတ်တွင် လူဖြစ်ခဲ့သော်လည်း သူတစ်ပါးအောက် မကျရအောင်၊ သူတစ်ပါးကြိုးဆွဲရာ မကရအောင်၊ လူညွှန့်မတုံးရအောင် မည်သို့အခက်အခဲရှိရှိ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုး ရပ်တည်ခဲ့သူဖြစ်သည်။ မိခင်ကျောင်းတော်ကြီး၏ ဂုဏ်ကျေးဇူးများကို ကဗျာပန်းဖြင့် ဦးထိပ်ထားရေးဖွဲ့ကန်တော့ခြင်းပင်ဖြစ်သည်။ ဆရာ၏ အမိမြေကိုချစ်သောစိတ်၊ မျိုးချစ်စိတ်၊ သစ္စာတရား၊ မေတ္တာတရားများကို အထင်းသားမြင်တွေ့နိုင်ပါသည်။


စာပေလောကတွင် ဆရာ့ကို ချစ်စနိုးဖြင့် 'ဆရာကို' ဟု ခေါ်ကြသည်။ ကိုလေး (အင်းဝဂုဏ်ရည်) ဟူသော ကဗျာဆရာကြီးဖြစ်လာမည့် သျှောင်ထုံးနှင့် ကောင်ကလေးမှာ ဒုတိယကမ္ဘာစစ်ကြီးနှင့် ယှဉ်တွဲကာ အမျိုးသားလွတ်မြောက်ရေး နှစ်ကာလများထဲမှ အင်းဝဂုဏ်ရည် ကျောင်းတော်သား ဖြစ်ခဲ့ပါသည်။ အင်းဝဂုဏ်ရည်ဟူသောအမည်သည် လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး အထိမ်းအမှတ်တစ်ခုဖြစ်သည်ဟု မှတ်သားသိရှိခဲ့ရပါသည်။

'ကဗျာသည် ကမ္ဘာတစ်ခုလုံး၏ ပွဲတင်သံ' ဟု မာယာကော့စကီးက အဓိပ္ပာယ်ဖွင့်ဆိုထားသလို ဆရာသည် အလွှာပေါင်းစုံမှ လူနေမှုဘဝ၊ လူနေမှုစရိုက်၊ လူတို့၏ အနေအထိုင်၊ အပြုအမူများကို ထိထိမိမိ ရေးဖွဲ့တတ်သော လေးစားဖွယ်ဆရာဖြစ်သည်။ ယနေ့ဖြစ်ပေါ်နေသော လူတို့၏ ဒုက္ခသုက္ခများ၊ ကျောင်းဆရာများအကြောင်း၊ ကျေးလက်များအကြောင်း၊ လယ်သမားဘဝအကြောင်း၊ မွေးမိခင်များ အကြောင်း၊ မြို့ပြတည်ရှိမှုအကြောင်း၊ သဘာဝလောကကြီးအကြောင်းမှသည် နောက်ဆုံး သင်္ချိုင်းရအကြောင်းများပါ မကျန် ဆရာ၏ ကဗျာများထဲမှတစ်ဆင့် ခံစားထိတွေ့ခဲ့ရသည်။

လမ်းသစ်ကဗျာ စာအုပ်တွင် အကြောင်းအရာစုံ၊ ဘဝပုံရိပ်လွှာစုံ နှစ်သက်ဖွယ်ကဗျာ အများအပြားပင် ပါဝင်သည့်အနက် ကဗျာဖတ်သူတစ်ဦး အနေဖြင့် ကျွန်မအနှစ်သက်ဆုံး ကဗျာတစ်ပုဒ်ကို ထုတ်ပြပါဆိုလျှင်.. 'ချည်တိုင်ဟောင်း' ဆိုသည့် ကဗျာလေးကို ထုတ်ပြချင်မိပါသည်။ ကျေးလက်ဇာတိ လယ်သမား၏ သားသမီးအဖြစ် ရိုးကလေးတစ်ခု၊ မိရိုးဖလာခံစားမှု၊ ဓမ္မရိပ်မှ လောကီနယ်အတွင်း သက်ဆင်းရန်းကန်

❑ **စာပေလောကတွင် ဆရာ့ကို ချစ်စနိုးဖြင့် 'ဆရာကို' ဟု ခေါ်ကြသည်။ ကိုလေး (အင်းဝဂုဏ်ရည်) ဟူသော ကဗျာဆရာကြီး ဖြစ်လာမည့် သျှောင်ထုံးနှင့် ကောင်ကလေးမှာ ဒုတိယကမ္ဘာစစ်ကြီးနှင့် ယှဉ်တွဲကာ အမျိုးသားလွတ်မြောက်ရေး နှစ်ကာလများထဲမှ အင်းဝဂုဏ်ရည် ကျောင်းတော်သား ဖြစ်ခဲ့ပါသည်။ အင်းဝဂုဏ်ရည်ဟူသော အမည်သည် လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး အထိမ်းအမှတ်တစ်ခုဖြစ်သည်ဟု မှတ်သားသိရှိခဲ့ရပါသည်**




**ဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်) ရေးသားသော စာအုပ်များ**

ရန် ခြေလှမ်း 'ချည်တိုင်ဟောင်း' ဟူ၍။ ထိုကဗျာလေးကို ခံစားမိပြီး ဆရာဦးကြည်နိုင်ကလည်း "ကဗျာဆရာက ချည်တိုင်ဟောင်းဟု အမည်ပေးထားပါသည်။ သို့သော်လည်း ကျွန်တော့်စိတ်ထဲ၌ ထိုအမည်ကို ကဗျာဆရာပေးသည် မထင်။ ကဗျာထဲမှ ကိုရင်ကလေးကပေးသည် ထင်မိ၏။ ထိုအတွက်လည်း ထိုကဗျာလေးကို ပိုမိုနှစ်သက်မိခြင်း ဖြစ်မိပါသည်။ ထိုကဗျာလေးနှင့် ထိတွေ့ရသည်မှာ ကွဲကွာနေသော ငယ်သူငယ်ချင်းတစ်ဦးနှင့် ပြန်လည်ဆုံစည်းရသကဲ့သို့ ဖြစ်မိပါ၏။ ရေးဟောင်းနှောင်းဖြစ် တစ်ဝကြီး ပြောဖြစ်ကြသကဲ့သို့ မိမိ၏ ဇာတိရပ်ရွာ၊ ငယ်ဘဝ၊ နုရွယ်ဘဝ စသည်ဖြင့် ပြန်လည်အမှတ်ရကာ ကြည်နူးဆွတ်ပျံ့မိရပါ၏" ဟု ကဗျာခံစားမှုကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလထုတ် ပန်မဂ္ဂဇင်းတွင် ရင်ဖွင့်တင်ပြခဲ့ဖူးသည်ကို မှတ်မိနေပါသည်။

စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို မိမိ၏ ဘဝဖြတ်သန်းမှုအရ ဟဒယနှင့်ညီလျှင် ပိုမိုခံစားရနိုင်ကြောင်း ထင်ရှားလာပါသည်။ အနုပညာ၏ မြစ်ဖျားသည် ခံစားမှုမှ စခဲ့လေသလားဟု စူးစမ်းကြည့်မိပါ၏။ ချည်တိုင်ဟောင်းကဗျာသည် ကဗျာချစ်သူတို့ စွဲလမ်းနှစ်သက်မြတ်နိုးခဲ့ရသည့် ဆရာ၏ ကဗျာလက်ရာတစ်ပုဒ်ပင်ဖြစ်ပါသည်။ ပြုခဲ့ဖူးသည့် ကံများကြောင့် သံသရာစက်ဝန်းမရပ်သရွေ့ ချည်တိုင်ဟောင်းဆီသို့ပင် အဖန်ဖန် အထပ်ထပ် ခြေဦးလှည့်မိကြသည့် ပုထုဇဉ်လူသားတို့၏ ဖြစ်အင်ကို လယ်သမားမိသားစုနှင့် ပမာပြုကာ ရေးဖွဲ့ထားသည်ဟုလည်း ခံစားမိပါသည်။ ဆရာရေးဖွဲ့ခဲ့သည့် ကဗျာတို့တွင် သော့လုံး၊ ထေ့လုံးများ ပါလာတတ်သည်။ ခေတ်ကို ထင်ဟပ်စေသည့်အမြင်၊ လောက၏ သဘောတံတွာကို ဆင်ခြင်တုံတရားဖြင့် ရှုမြင်ခဲ့ပုံများကိုလည်း သိမြင်ခံစားရပါသည်။

ဆရာကိုလေး(အင်းဝဂုဏ်ရည်) ၏ ကဗျာရွတ်သံကို နားဆင်ဖူးသည့် ဆရာဆူးငှက်ကလည်း "ဆရာကိုလေးထံမှ အသံလုံးကောင်းကောင်း ပီပီသသ ခွဲခွဲညားညား လေးလေးနက်နက် ကြားလိုက်ရသောအခါ 'ဩော် မြန်မာကဗျာရွတ်တယ်ဆိုတာ ဒီလိုကိုး' ဟု ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။ နဘေနရီနှင့် မြန်မာစကားလုံး အသံထွက်ကိုလည်း အလေးအနက် သိလိုက်ရပါ၏။ မြန်မာစကားလုံးတစ်လုံးချင်းစီ၏ တန်ဖိုးနှင့် ကျစ်လျစ်မှုကိုလည်း တွေးဆမိသည်" ဟူ၍ ဆရာ့အတွက် အမှတ်တရ ဂုဏ်ပြုစကားဆိုဖူးပါသည်။

**အင်းဝက လူထုကဗျာဆရာ သို့မဟုတ် ကိုလေး (အင်းဝဂုဏ်ရည်)**

ဆရာကိုလေး(အင်းဝဂုဏ်ရည်) အသက် (၈၀) ပြည့် အမှတ်တရစာအုပ် ပဥ္စင်စာအုပ်တိုက်က ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ထွက်ရှိလာသည်ကို တွေ့ရပါသည်။ ထိုစာအုပ်တွင် ဆရာဒဂုန်တာရာ၊ ဆရာမောင်သစ်လွင်(လူထု)၊ ဆရာအံ့မောင်၊ ဆရာမောင်သာနိုး၊ ဆရာမောင်စွမ်းရည်မှစ၍ ဆရာကိုလေး (အင်းဝဂုဏ်ရည်)နှင့် ခေတ်ပြိုင်ပုဂ္ဂိုလ်များအပြင် လူငယ်၊ လူလတ်ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ စသည်ဖြင့် အများအပြားပင် အမှတ်တရ ရေးသားထားကြသော ကဗျာများ၊ ဆောင်းပါးများ၊ စာစုများကို ထိတွေ့ရပါသည်။

ဆရာ၏ စာပေသဘောတရား၊ ကဗျာအယူအဆ၊ စာပေဝမ်းစာ၊ ဂန္ထဝင်ဝမ်းစာ၊ စာပေခံယူချက်၊ စာပေအာဝဇ္ဇန်း၊ ဆရာ၏ ပုံဟန်စရိုက်၊ အမူအရာပုံရိပ်များကိုပါ မြင်လာရပါသည်။ ဆရာ၏ သက်ရှိရုပ်ပုံလွှာဟုပင် ဆိုရလောက်ပါသည်။

"ဆရာ့ခန္ဓာကိုယ်ထဲတွင် အညာကျေးလက်ရနံ့နှင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းလျက်ရှိသည်။ ကိုယ့်မြေ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးနှင့် ကိုယ့်နိုင်ငံကို တိုးတက်ကြီးပွားစေချင်သည်။ စကားပြောရာမှာလည်း ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးရှင်းရှင်း၊ ဟိတ်ဟန်မကြီး၊ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ရသည့်ဘဝကို မြတ်နိုးသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားမှုကို တန်ဖိုးထားသည်။ ကိုယ့်အပေါ်ကျရောက်လာသမျှ အလေးအဖိများကို အရွှင်အသောများဖြင့် ဖြေဖျောက်၍ ခွင့်လွှတ်ခြင်းသည် ဆရာ၏ လောကအမြင်" ဟူ၍ ဆရာညိုထွန်းလူက ဆရာ၏အသက် (၈၀) ပြည့် မွေးနေ့အမှတ်တရအဖြစ် ဂုဏ်ပြုရေးသားထားလေသည်။

ဆရာသည် အသက်အရွယ်ကြီးရင့်လာသော်လည်း ကျန်းမာနေဆဲ၊ ဖျတ်လတ်နေဆဲ၊ စိတ်အာရုံက လန်းဆန်းနေဆဲဖြစ်ပြီး စာပေအတွက်ဆိုလျှင် မြောက်ဖျား ရှင်ဗွေယန်၊ တနိုင်း၊ ဖားကန့်နှင့် တောင်ဖျား မြိတ်၊ ထားဝယ်အထိ မြန်မာနိုင်ငံ တစ်နံတစ်လျား မမောနိုင် မပန်းနိုင် ခရီးများနေတတ် သူဖြစ်သည်။ ဆရာ၏ စာပေဟောပြောချက်များကို နားထောင်ရသူအဖို့ ဟောပြောချက်များမှတစ်ဆင့် အရွှင်အလန်းများ ကူးစီးလာသည်။ ဆရာ၏ ငယ်မူပြန်သည့်နှလုံးသားသည် ပရိသတ်ကို ကြည်နူးလန်းဆန်းသွားစေသည်။ အဖိုးမဖြတ်နိုင်သည့်သုတရသအစုံကို ရရှိသွားစေသည်။

ဆရာသည် ပြည်သူ့အကျိုးအတွက် ကဗျာရေးဖွဲ့သူ၊ ဂန္ထဝင်ဝမ်းစာပြည့်သူ တစ်ဦးဟု ဆိုနိုင်လေသည်။ ဆရာ၏ မိတ်ဆွေရောင်းရင်းများ အင်းဝမြို့ဟောင်းသို့ လာရောက်လည်ပတ်ကြသည့်အခါတိုင်း ဆရာက မြို့ဟောင်းနေရာများကို စိတ်အားထက်သန်စွာ လိုက်လံပြသတတ်သည်။ သမားရိုးကျ ရှင်းလင်းပြသခြင်းမဟုတ်ဘဲ သံနေသံထားဖြင့် ရှေးရေးအင်းဝဖွဲ့ကဗျာများကို ရွတ်ဆိုကာ သမိုင်းကြောင်းကို ဖွင့်ဆိုရှင်းပြတတ်သည်။ ဆရာရွတ်ဆိုနေသည့်ကဗျာများကို ခံစားကြည့်ရင်း ဟိုးအဝေးဆီက သမိုင်းတို့ကို သိရသလို ယခုပစ္စုပ္ပန်နှင့်လည်း ပြန်လည်၍ဆက်နွှယ် ပေါင်းစည်းသွားတတ်ကြောင်း အချို့ဆရာများက ပြန်ပြောပြသဖြင့် သိရ၏။

"ဆရာ့မှာ ဂန္ထဝင်ကဗျာဝမ်းစာတွေ အပြည့်ရှိသည်။ ဆရာရေးသည့်ကဗျာတွေကတော့ ဂန္ထဝင်နှင့် လေးလံနေတာမျိုး မရှိတာကိုလည်း သတိထားမိသည်။ ဆရာ့ကဗျာတွေ ဖတ်မိတိုင်း 'ဘဝ အနာကို ဆရာ့ကဗျာတွေနဲ့ ထွန်းစေမကွဲ့လို့' ကြားသယောင်ယောင် ရှိလေသည်" ဟူ၍ ဆရာနေဝင်းမြင့်က ဆိုလေသည်။

ဆရာသည် အသက် ၁၀နှစ် အရွယ်ကတည်းက 'လောကမာန်အောင်' ပိုဒ်စုံရတုမှ အစပြု၍ ယနေ့အချိန်အထိ ကဗျာပုဒ်ရေထောင်ချီ ရေးလာခဲ့သည်ဟု မှတ်သားမိသည်။ ကဗျာဆရာများ၊ စာပေမြတ်နိုးသူများက ဆရာ့ကို မြန်မာကဗျာအိမ်ဦးခန်းတွင်ထားပြီး အလေးအမြတ်ပြုနေကြသည်ကို မြင်တွေ့ရခြင်းအားဖြင့် ဆရာ၏ကဗျာများ မည်မျှလေးစားဖွယ်ဖြစ်ကြောင်းကို အထူးမှတ်ကျောက်တင်ရန် မလိုတော့ပေ။ ဆရာသည် ကဗျာဆရာသမဂ္ဂအသင်းကြီး၏ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာကြည့် ကြည့်မြင်

ဦးသူတော်

(၁)

အချို့က ပြောကြတယ်။ တော်တော်ရှော်တဲ့လူတွေတဲ့။ တချို့ကလည်း ပြောတယ်။ တော်တော်ချော်တဲ့ သူတွေ။ "ဘာလို့လဲဗျ" မေးကြတဲ့အခါ ကြွေဇွန်းနဲ့ ကြာဆံဟင်းကို ခပ်နေတာ ပါးစပ်ထဲရောက်ဖို့မပြောနဲ့ ဇွန်းထဲပါဖို့ နောက်ခြောက်လလောက်ကြာဦးမယ်မို့ပါတဲ့။ သိပ်ကြာမယ် မထင်ပါဘူး။ နွားရူးဆူးတိုး။

(၂)

ပါးစပ်ကပြောတာတော့ "ဘယ်တော့မှ နောင်တမရဘူး"လို့ချည်း ပြောနေတာပဲ။ ဘာဝါဒလဲတော့ မသိပါဘူး။ ဝိရောဓိဆိုတဲ့ ဆန့်ကျင်ခြင်းသဘောရှိတဲ့ စကားမျိုးတွေကို မပြောရဘူးဆိုတာလည်း သူတို့ မသိဘူးဗျ။ တောပြောတောင်ပြောလည်း မျက်နှာပြောင်ပြောင် ပြောတာပဲ။ တောင်ပြောမြောက်ပြောလည်း လေဖောင်နေအောင် ပြောတာပဲ။ ပြောတော့မိုး၊ ထိုးတော့မြေကြီးပါ။ အရှက်လည်းမရှိပါ။

အညမညပစ္စယော သဘောကို သိကြပုံမရ။ သဟဇာတ ပစ္စယော ကို သဘောပေါက်ပုံမရ။ ဝိရောဓိကို ပဋိပက္ခဖြစ်အောင်သာ မီးရှို့တတ်ရဲ့။ ရေတ်သီးလို လူစားတွေဗျ။ ပူစပ်ပူလောင်ပဲ။ ရေတ်သီးနဲ့ ပေါင်းလိုက်လို့ ကြက်သွန်ပါ အထောင်းခံရပါရောလား။

ကြည့်လေ။ ဆရာဝန်တွေရဲ့ ကတိသစ္စာ ဆေးပညာဘွဲ့ယူဖို့ရာ သစ္စာတွေဆိုရတယ်လေ။ ဘာတဲ့ဗျာ……

၁။ ဥပဋ္ဌာန်= စိတ်ရောကိုယ်ပါ ပြုစုကုသပါမည်။

၂။ အနုကမ္ပာ= လူလူချင်း ကိုယ်ချင်းစာတရားထားပါမည်။

၃။ ဒယာ= လူလူချင်း ညှာတာထောက်ထားလျက် ကုသပါမည် စသည်ဖြင့် သစ္စာဆိုထားတဲ့ ဆရာဝန်၊ သူနာပြု၊ ဆရာ ဆရာမတွေဟာ သူတို့ဆွဲဆောင်ရာနောက် အဟုတ်မှတ်ပြီး ရောရောင်လိုက်ကြတာ မြေမလျှိုး မိုးမပျံဘဲ ဖော်ကန့်လန့်တွေ ဖြစ်ကုန်ကြပါလေရော။ နှမြောစရာ ကောင်းလိုက်လေ။

"ဘယ်တော့မှ နောင်တမရဘူး" ဆိုတဲ့ လူစားတွေကတော့ ကိုယ့်ကျင်းကိုယ်တူးရင်း ဂိတ်ဆုံး အဝီစိအထိ ဆင်းသွားကြလေရဲ့။ ငရဲကြီးရှစ်ထပ်က စာကပ်ထားသတဲ့။ သူတို့အတွက်။ ကြိုဆိုပါ၏တဲ့။

(၃)

သဘာဝတရားကတော့ ငဲ့ညှာခြင်း လုံးဝမရှိဘူး။ ပြတ်သားတယ်။

ကျောင်းတွေမီးရှို့ချင်သလား၊ ရှို့။

ကာကွယ်ဆေးထိုးသူတွေ ဗုံးခွဲမလား၊ ခွဲ။

တံတားတွေဖျက်မလား။ ဖျက်ကြ။

လူတွေသတ်၊ ရွာတွေမြို့တွေ မီးရှို့။ ရှို့လေ။

ဘုန်းကြီးလည်း သတ်။ သတ်ပေါ့။

မီးကို မဆော့နဲ့နော်၊ မီးနဲ့ မကစားနဲ့။ မီးဆိုတာလောင်ရင် ငြိမ်းရခက်တယ်။ အကြိမ်ကြိမ် တားခဲ့ကြတယ်။ စစ်ဆိုတာ ရောဂါဘေး၊ ငတ်မွတ်ဘေး၊ အနာတရဘေးအပြင် သေဘေးကြီးပါ ဖောဖောသီသီ ဆိုက်ရင် အတွဲလိုက် အခိုင်လိုက်ပါတာနော်။ စစ်ကိုမခေါ်ပါနဲ့လို့ အတန်တန်အခါခါ တားနေပါလျက်နဲ့ ဖျက်ဟ ဆီးဟ သူပုန်ထတော့ သေပြီပေါ့။

ပူပြီပေါ့၊ လောင်ပြီပေါ့။ မီးကိုမဆော့ပါနဲ့လို့ ပြောခဲ့တာ မရဘဲ ကိုးကွဲ့။ ဓမ္မက အကြောင်းကြောင့် အကျိုးဖြစ်ပေါ်တဲ့ သဘောပဲ။ အနဝဇ္ဇ – အပြစ်ကင်းတာပဲ ကြံစည်စဉ်းစားပါ၊ ပြောဆိုပါ။ လုပ်ကိုင်ပါ။

မောင်တို့ဟာ အပြစ်မကင်းတဲ့ အကုသိုလ် ဒုစရိုက်တွေ များလွန်းလှတာကိုး။ သဘာဝဓမ္မတရားကတော့ တူညီသော အကျိုးဆက်တွေ ထွက်ပေါ်လာမှာပဲ။ သဒိသံပါကံ ဇနေတိ။

မိုက်မဲယုတ်မာ ဆိုးသွမ်းရက်စက် ကောက်ကျစ်ညစ်ပတ်မှုတွေ အတွက် လောကနိယာမ ဥပဒေသဘောက တရားခုံရုံးမတင်ဘဲ ဗိုးခနဲ၊ ဘုံးခနဲ လာပေါ့ဗျာ။ မောင်တို့ ခေါင်းပေါ်တည့်တည့်ကွဲပါလိမ့်မယ်။ ကမ္မနိယာမ သဘောက တူသောအကျိုးကို ရစမြဲ။

ဘာဆိုဘာမှ မသိတော့လည်း လူ့တိရစ္ဆာန်တွေပဲလေ။ အသေဆိုးနဲ့ သေရတတ်တာ မဆန်းပါ။ သွေးသံရဲရဲ တစ်စစီ လွင့်ထွက်ပြန့်ကြသွားမှာပဲ။

(၄)

လောကကြီးကတော့ အ,ရင် ခံပဲ ကိုယ့်လူရေ။

တော်တော်ရိုးလွန်းပြန်ရင်လည်း အ,တယ်ဖြစ်မယ်။ မထင်မှတ်ဘဲ ဇာတ်ကားတစ်ကား ကြည့်လိုက်မိဖူးတယ်။ နာမည်က ၂၄ နာရီ ဆိုလားပါပဲ။ သိလား။

စာဖတ်သူအချို့လည်း ကြည့်ပြီးသားဖြစ်ချင်ဖြစ်ကြပေလိမ့်မယ်။ ဖြစ်တန်ရာသော အကြောင်းခြင်းရာတွေနဲ့ အသင့်ယုတ္တိရှိအောင် သဘာဝကျကျ ရိုက်ကူးတင်ဆက်ထားတာဗျ။ စိတ်ကူးယဉ် အပျော် အပါးသက်သက်မဟုတ်ဘူး။

အရှေ့တိုင်းသူ အမျိုးသမီးတစ်ဦး။ လေဆိပ်မှာ သူလိုက်ပါမယ့် လေယာဉ်ခရီးစဉ်က အကြောင်းတစ်ခုခုကြောင့် အချိန်နောက်ကို ရွှေ့ပြောင်းလိုက်တော့ လေဆိပ်ထဲမှာ အချိန်တော်တော်ကြာ စောင့်နေရတယ်။ စောင့်နေရင်းပဲ လူတစ်ယောက်က မိတ်ဆက်လာလို့ စကားပြောဖြစ်ကြတယ်။ သိကျွမ်းခင်မင်သွားတယ်။ အဲဒီအမျိုးသားက မျက်နှာဖြူ ဥရောပတိုက်သားပါ။

တကယ်တော့ အဲဒီလူဟာ လူကောင်းတစ်ယောက်တော့ မဟုတ်ဘူး။ သူ့ကိုကြိုတင်လေ့လာဖို့၊ သေသေချာချာလေ့လာဖို့ သိစရာ အချက်အလက်တွေ တိတိကျကျပေးပြီး ချဉ်းကပ်လုပ်ကြံဖို့ စေခိုင်းခံထားရတဲ့ ကြေးစားလူသတ်သမား။ ရုပ်ရည်သနားကမားပေမယ့် ပိုက်ဆံရမယ်ဆိုရင် ဘာမဆိုလုပ်မှာပဲဆိုတဲ့ လူစား၊ လူဆိုးဗျ။

ဟိုအမျိုးသမီးက ဘာမှမသိဘူး။

ကိုယ်က သူသတ်ဖြတ်မယ့် ပစ်မှတ်ဖြစ်နေတာကိုလည်း မသိဘူး။ ပြုံးပြုံးရယ်ရယ်နဲ့ ဆက်ဆံနေရှာတယ်။

ဆက်ပြီးကြည့်ရှုသူပရိသတ်ကို ဆွဲဆောင်ခင်းကျင်းပြသသွားတဲ့ ဇာတ်ကွက်ဇာတ်လမ်းတွေကိုတော့ မဖော်ပြတော့ပါ။

ဘဝတစ်ကွေ့ ခဏတွေ့ရတဲ့ ဒီအမျိုးသားကို ဒီလူဟာ ခင်မင်အောင် မိတ်ဆွေယောင်ဆောင်ထားတဲ့ လူသတ်သမားပါလား၊ သေသေချာချာ တင်ကူးကြံရွယ်ချက်နဲ့၊ အံ့နဲ့ကျင်းနဲ့ ပြင်ဆင်စီမံခဲ့ပြီး (လေဆိပ်ထဲမှာ ကြာကြာစောင့်နေရအောင်၊ လေကြောင်းလိုင်း အချိန်ပြောင်းရွှေ့ နောက်ဆုတ်သွားအောင်၊ သူတို့ချင်း လေဆိပ်နားနေဆောင်ထဲမှာ ခုံချင်းနီးနီးထိုင်ဖြစ်အောင်၊ စသည်စသည် အားလုံးစီမံချက်နဲ့ အကွက်ချပြီး) လုပ်ဆောင်ခဲ့တာတွေကို သူက ဘာမှမသိပါ၊ သူက ရိုးတာကိုး။

> **"လူတစ်ယောက်ကို ကိုယ်လိုရာ လိုက်နာလိုက်ပါ အကောင်အထည်ဖော်အောင် သူ့ဦးနှောက်ထဲကို ကွန်ပျူတာချစ်(ပ်) သေးသေးလေး ထည့်ပေးထားသလိုမျိုး အချိန်ယူ မွေးမြူလေ့ကျင့်ပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားမယ်။ သူများနိုင်ငံကို ခေတ်သစ်ကိုလိုနီနည်းနဲ့ ကြိုးကိုင်သိမ်းပိုက်နိုင်တယ်။ နှောင့်ယှက်ဖျက်ဆီးလို့ရတယ်။ နိုင်ငံရေး ခေါင်းဆောင်တွေကို အရွယ်အမျိုးမျိုး၊ အသွင်အမျိုးမျိုး လေ့ကျင့်ပုံသွင်းပြီး အသုံးချနေကြတယ်။ လူမျိုးတွေလည်း အစုံပဲ။ ပညာအရာသာတဲ့လူတွေက လုပ်နေကြတာလေ။ ရှိနေတယ်။ မတော်ချင်နေ၊ ပိန်းပိတ်အောင်တော့ မထူလွန်းပါစေနဲ့"**

ပရိသတ်က ဒါတွေသိနေပြီးသားဆိုတော့ မော့တိမော့ကန်းနဲ့ ထူတူတူ၊ အ,တ,တ မိန်းမဟာ ဘယ်အချိန်များ ချောက်ကျမလဲဟ။ သနားရ မလိုလို၊ အားမလိုအားမရ၊ ရင်တမမနဲ့ ဆက်ကြည့်နေရတော့တာပဲ။ တော်တော်ဖျင်းတဲ့ မင်းသမီးဇာတ်လိုက်။

ဖန်သားပြင်ပိတ်ကားပေါ်က ဒီအမျိုးသမီးကို ကြည့်ရင်းကြည့်ရင်းနဲ့ ရန်သူကို ရန်သူလို့ မသိဘဲ ပြုံးစိပြုံးစိ အရောတဝင် ဆက်ဆံတတ်တဲ့ သူ့လိုလူစားကို သနားရမယ့်အစား အမြင်ကပ်မိလာပါတော့တယ်။ ဒေါက်တာဇော်ဝေ..၊ အကြမ်းဖက်ဖြိုးဇေ.. စတဲ့မုတ်ဆိတ်နဲ့ လူတွေ မြင်လိုက်ရတော့ ဆုံချက်တစ်ခု သတိပြုမိလိုက်တယ်။

(၅)

လောကမှာ ရန်သူကို မိတ်ဆွေလုပ်။

ဆွေမျိုး မိဘ၊ ကိုယ့်ကျေးဇူးရှင် အသိုက်အအုံကိုတော့ ဘေးက သွေးထိုးကုန်းချောတာတွေ နားဝင်ပြီး အသည်းအသန် အမုန်းအငြိုး ကြီးကြီးနဲ့ ရန်သူလို့ပဲ သဘောထားကာ ဖျက်ဆီးမီးရှို့ချင်။ အဲသလို လူစားတွေက ရှိတတ်သေးတာကိုး၊ ကံဆိုးချင်ရင်။

ဩော် – လူဆိုးဓားပြ လူသတ်မှုတွေကျူးလွန်လို့ သေစေသတ်စေ၊ သေဒဏ်အရကွပ်မျက်ဖို့ သင်္ချိုင်းကုန်းကို ခေါ်သွားတဲ့ လမ်းပေါ်ကလူ ရာဇဝတ်သားကို သူဌေးကြီးသမီးက အိမ်ပေါ်ဝရန်တာက မြင်လိုက်မိတာနဲ့ တရားသူကြီးတွေ၊ မင်းမှုထမ်းတွေ မသိအောင် ငွေအပုံလိုက်ပေး လူစားလဲ။ အိမ်ပေါ်တင် လင်အဖြစ်နဲ့ပေါင်းတဲ့ မိန်းမမျိုးလည်း တရားတော် နိပါတ်တော်တွေထဲ တွေ့ရဖူးတာပဲ။

ဓားပြကတော့ ရွှေပုံပေါ်မှာစံနေရတာလည်း မကျေနပ်နိုင်ဘဲ မယားဆီက ရွှေငွေရတနာ လက်ဝတ်လက်စားတွေကို (မယားရယ် မမှတ်ဘူး။ သူဌေးသမီး သူ့စိမ်းလို့သာ ယူဆတာကိုး) လုယူသတ်ဖြတ်ဖို့ ပရိယာယ်နဲ့ နှစ်ယောက်တည်း တောထဲသွားရအောင်၊ တောင်ထိပ်တက်ရအောင်။ နတ်ပြရမှာမို့ လက်ဝတ်လက်စားတွေလည်း အစုံအလင် အကုန်ဝတ်ခဲ့ဆိုပြီး ခေါ်သွားလည်း ယုံတာပဲ။

လူသတ်ချင်၊ ဓားပြတိုက်ချင်တဲ့ လူမိုက်ကို ချစ်ခင်စုံမက်ပြီး လင်လုပ်ချင်ခဲ့တဲ့ မိန်းမစားဆိုတာ ဟိုးအတိတ် နှစ်ပေါင်းနှစ်ထောင်ခြောက်ရာကျော် အတိတ်ကာလမှာသာ ရှိတာမဟုတ်ပါလား။ စိတ်လှုပ်ရှားစရာပဲ။

(၆)

မျက်စိရှေ့မှောက်မှာတင် ထင်ထင်ရှားရှား လှည့်စားခံနေရတဲ့ မိန်းမမျိုးတွေလည်း ရှိနေတာ ကြည့်မြင်နေရပေါ့လားလို့ ဇာတ်လမ်းကို ကြည့်နေရင်း အတွေးမျှင်တန်းမိပါရဲ့။ နဖူးမှာ စာရေးထားတာမှမပါဘဲ။ တစ်သံသရာလုံး မှောက်အောင်မှားတာတော့ ဆယ်ဖို့ရာ လွယ်ပါဦး မလား။

လူကောင်းရယ်၊ လူဆိုးရယ်လား ခွဲခြားရတာတော့ ခက်ပါတယ်။ လူကဲခတ်ညံ့တဲ့လူများဟာ သူ့အကြိုက်ကို အောက်ကျို့ပြီး ချော့ပေါင်းရင် အကောင်းချည်း ထင်တတ်တော့တာပါပဲ။ အချို့ဆို ဘိုတွေမှ အထင်ကြီး။ ဘိုလိုမှုတ်မှ အဟုတ်ထင်။ ဘိုစာပဲ သဘောကျ။ ဒိဋ္ဌိ၊ မာန၊ အာဃာတတွေနဲ့ လုံးချာလည်လိုက်ပြီး လောင်မြိုက်ပူလောင် နေရတဲ့ ဘဝဇာတ်လမ်းတွေ ငြိမ်းပါစေ။ ကောက်ကျစ်ယုတ်မာတဲ့ လူတွေနဲ့ ကြာကြာပေါင်းခဲ့တော့ ကောင်းလာဖို့ ခက်တာပေါ့။

(၇)

လူတွေက အရုပ်အမျိုးမျိုး လုပ်တတ်ပါတယ်။

မြန်မာတွေလည်း စက္ကူရုပ်၊ မြေရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်။ အမျိုးမျိုး အထွေထွေ လုပ်တတ်ပါတယ်။ ပစ်တိုင်းထောင်ရုပ်၊ ဧီးကွက်ရုပ်၊ ဖိုးဝရုပ်။ ဟုတ်ပါ့ လွယ်လွယ်နဲ့ရှင်းရှင်းပဲ။ ဗမာတွေလုပ်ရင် ရိုးရိုးရှင်းရှင်းအရုပ်သာ များကြပါတယ်။ ရုပ်သေးသစ်သားရုပ်ကို ကြိုးဆွဲအက လှုပ်ရှားရအောင် ဖန်တီးတတ်တဲ့ အနုပညာကတော့ နိုင်ငံတကာ ရုပ်သေးလောကပညာထဲမှာ ထူးခြားထင်ပေါ်ကျော်ကြားတယ်။

ရုပ်မြင်သံကြားဖန်သားပြင်မှာ လူရဲ့လုပ်အားထက်ပိုပြီး အဆ များစွာ ထိရောက်တွင်ကျယ်တဲ့ စက်ရုပ်တွေ အလုပ်လုပ်နေကြပုံကို တအံ့တသြမြင်ရဖူးတယ်။ အံ့ရောဗျာ၊ ရိုဘော့ဆိုတဲ့ စက်ရုပ်တွေ အမျိုးမျိုး တီထွင်အသုံးပြုနေကြတာလေ။ အားကျအတုယူစရာပဲ။

စက်ရုံ၊ အလုပ်ရုံ၊ ကားအစိတ်အပိုင်း၊ လေယာဉ် အစိတ်အပိုင်းတွေ အရေအတွက် သိန်းသန်း ဝက်အူ အရွယ်အစားအမျိုးမျိုးကို တစ်ပေါက်မှ မကျန်စေရ၊ မလွဲစေရ၊ တပ်ဆင်တာမျိုးတွေကအစ၊ အိမ်ဖော်၊ ထမင်းချက်၊ အိမ်စောင့် အလုပ်မျိုးတွေအထိ၊ တိတိကျကျ တာဝန်ပေး စေခိုင်းလို့ရကြတယ်။ ကမ္ဘာပေါ်မှာ ဂျာမနီနိုင်ငံနဲ့ ဂျပန်နိုင်ငံက စက်ရုံတွေမှာ ရိုဘော့စက်ရုပ်အရေအတွက် အခြားနိုင်ငံတွေထက်ပိုပြီး အများဆုံး အသုံးပြုနေကြရတယ်လို့ သုံးသပ်ခန့်မှန်းနေကြရတယ်။ တိတိကျကျတော့ ဘယ်သူမှ မသိနိုင်ဘူး။ နေ့စဉ်နဲ့အမျှ ကိန်းဂဏန်း အရေအတွက်က တစ်ဟုန်ထိုး တိုးတက်နေဆဲမို့ပါ။

လူလောက်နီးနီး၊ အချို့ဆို လူထက်တောင် တိကျမြန်ဆန်သေး။ စွမ်းဆောင်ရည် အလွန်ကောင်းတဲ့ ရိုဘော့စက်ရုပ်တွေ ရှိနေကြပြီ။ AI တဲ့ , Artificial Intelligence လူက ဖန်တီးထားတဲ့ ဉာဏ်ရည်ပါ ထည့်သွင်းထားတဲ့ စက်ရုပ်များဆိုရင် လူလိုတော်တဲ့ ရိုဘော့တွေ ဖြစ်နေပြီလေ။

(၈)

လူတစ်ယောက်ကို ကိုယ်လိုရာ လိုက်နာလိုက်ပါ အကောင်အထည် ဖော်အောင် သူ့ဦးနှောက်ထဲကို ကွန်ပျူတာချစ်(ပ်) သေးသေးလေး ထည့်ပေးထားသလိုမျိုး အချိန်ယူ မွေးမြူလေ့ကျင့်ပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားမယ်။ သူများနိုင်ငံကို ခေတ်သစ်ကိုလိုနီနည်းနဲ့ ကြိုးကိုင် သိမ်းပိုက်နိုင်တယ်။ နှောင့်ယှက်ဖျက်ဆီးလို့ရတယ်။ နိုင်ငံရေး ခေါင်းဆောင်တွေကို အရွယ်အမျိုးမျိုး၊ အသွင်အမျိုးမျိုး လေ့ကျင့်ပုံသွင်းပြီး အသုံးချနေကြတယ်။ လူမျိုးတွေလည်း အစုံပဲ။ ပညာအရာ သာတဲ့လူတွေက လုပ်နေကြတာလေ။ ရှိနေတယ်။ မတော်ချင်နေ၊ ပိန်းပိတ်အောင်တော့ မထူလွန်းပါစေနဲ့။

ဒါတွေကို မယုံနိုင်လောက်အောင် အ, တဲ့ န, တဲ့ နိုင်ငံက လူအချို့ ခမျာမှာတော့ ကျွဲလိုခတ်၊ နွားလိုခွေ့၊ ကြက်လိုခွပ်၊ ခွေးလိုကိုက်။ မိုက်ပ့ါကွာ။ ခြင်းထဲကကြက်တွေလို တစ်ကောင်နဲ့တစ်ကောင် ဆိတ်ကြရင်း ဒယ်အိုးထဲ သက်ဆင်းကြရမယ်။ သူများအောင်ပွဲခံဖို့ လမ်းခင်းကြပေတယ်။ သူခိုးကို ဓားရိုးကမ်းနေသကိုးကွယ်။

(၉)

သူတို့က အောင်သေအောင်သား စားကြမယ်။ အမြင်ကျယ်အောင် စာဖတ်ရင် နိုင်ငံတကာဇာတ်ခုံကို မြင်နိုင်ကြလိမ့်မယ်။ ဆရာမြို့မငြိမ်း သီကုံးရေးဖွဲ့ခဲ့တဲ့ **"လူချွန်လူကောင်းဆိုတာ ခေတ်မီမီနဲ့ ကမ္ဘာကြည့် ကြည့်မြင်နိုင်တဲ့ လူတွေ"** မြန်မာတစ်မျိုးသားလုံး ဖြစ်စေချင်တာလေ။ ကမ္ဘာကြည့် ကြည့်မြင်နိုင်တဲ့ ခေတ်မီသူဖြစ်အောင် မောင်တို့မယ်တို့ သတင်းစာလေးတော့ နေ့စဉ် ဖတ်မှဖြစ်မှာပေါ့။ ဖုန်းထဲကဟာနဲ့ ပြီးမလား။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၁-၂၀၂၁ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောဗ္ဗဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sport Info
**၀၈:၃၅** မြရည်ရွှန်းလက်နတ်သစ်ရွက်
**၀၉:၃၅** ခေတ်အလိုက်ကြေးမုံပြင်
**၁၀:၃၀** အဆင်ယုချည်တူမှုညီမျှတဲ့သည်မေတ္တာ
**၁၁:၂၅** ရုပ်မြင်သံကြားဇာတ်လမ်း 'အပိုအလုပ်တွေ'
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**မဟာမျက်နှာဖုံး**' (အပိုင်း-၁၃)
**၁၃:၁၀** အကွေ့နှင့်အရွေ့သမိုင်းဖြစ်ရပ်မှန်(၁)
**၁၃:၄၅** MRTV National News
**၁၄:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း-၁၈)
**၁၅:၂၀** ရောင်စုံတေးဥယျာဉ်ထဲက
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၀** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၁၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၀:၄၅** အကွေ့နှင့်အရွေ့သမိုင်းဖြစ်ရပ်မှန်(၂)
**၂၁:၁၅** ဦးဦးတို့အငြိမ့်

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Dominica Pavilion at Expo 2020 Dubai
**07:35** Great Shwedagon - The Ten Traditional Arts & Crafts
**08:01** Weekly Review
**08:16** Myanmar Masterclass: Artist Pann Kyi
**08:29** Discovering Tribes: Taisun (Their Life and Customs) (Part-1)
**08:46** The Iron Rider
**09:01** Myanmar Designer Studio: Dr. Thazin Khin
**09:18** Tea Leaves
**09:26** Fantastic Orchid Garden From The Flower City
**09:36** Journey To The Mogok (Part-1)
**10:01** International Dances in Myanmar
**10:20** Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဆွေညီနောင်များ ဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၇)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်ကလေးသို့
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကိုင်တိုင်မိတ်ကပ်လိမ်းခြယ်နည်း
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပြောင်းပူးစေးဖက်ထုပ်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ချစ်စရာ့မွန်ရိုးရာအိမ်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်ခြေထောက်ထောင်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမြဲစိမ်းတောမှာအချစ်ရှာသူ (ဇာတ်သိမ်းပိုင်း)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် နိုဝင်ဘာ ၁၉ ရက်၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Covid-19 Vaccine 0.5Ml/Dose ၁၀၀၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Mask ၂၈၀၊ Sanitizer & Disinfeciant ၂၇၄၄ ခု၊ Isolation Gown ၃၆၀၀၀၊ Oxygen Cylinder ၁၄၆၈ ခု၊ ဆေးဝါးမျိုးစုံ ၄၉ မျိုး၊ စုစုပေါင်း ၁၃၃၀၀၇ ဒသမ ၈၅ Kg၊ နယ်စပ်(မြဝတီ)တွင် ကုမ္ပဏီတစ်ခုမှ Liquid Oxygen ၁၅၃၄ $m^3$တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၉-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၅/၁၃၄၅ ကျပ် | ၁၃၃၀/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၄၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၅၀/၁၃၈၅ ကျပ် | ၁၄၀၀/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၅၁၀/၁၅၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၁၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၁ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂ | ၁၇၄၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၇၄၆ | ၂၃၉၁၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆ | ၁၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၂၁ | ၅၉၈၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဘဝကိုအလှဆင်၊ ဒေသကိုလည်းအကျိုးပြု ဒို့အိမ်တွင်းမှု

*မြင့်စိုး(နတလ)*

**နယ်စပ်ဒေသနေ တိုင်းရင်းသူလေးများ တစ်ဖက်နိုင်ငံများသို့သွားရောက်၍ အလုပ်ရှာဖွေလုပ်ကိုင်နေရခြင်းများကို ကာကွယ်တားဆီးပြီး ကိုယ်ပိုင်ဘဝရပ်တည်နိုင်ရေး ရည်ရွယ်လျက် အခြေခံစက်ချုပ်၊ မုန့်လုပ်နည်းပညာများဖြင့် စတင်ဖွင့်လှစ်ခဲ့သော အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၊ ထိုမှ ကမ္ဘာ့နိုင်ငံအသီးသီးက အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရပ်များကို ပထမတန်းစားပညာရပ်အဖြစ် ဂုဏ်ယူဝမ်းမြောက်စွာ သင်ကြားပို့ချပေးလာသည်နှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် မိမိတို့ဖွင့်လှစ်ထားသော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများမှ သင်တန်းသူလေးများအား အဆင့်မြင့်နည်းပညာများ သင်ကြားပို့ချပေးလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ၏။**

### ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း

ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ မိမိတို့ဝန်ကြီးဌာန၏ ဗဟိုလေ့ကျင့်ရေးကျောင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ် (၅၁) ရပ်ကွက်တွင် ဖွင့်လှစ်ထားရာ အဆိုပါသင်တန်းကို ယင်းသင်တန်းကျောင်း၌ သင်ကြားပို့ချပေးခြင်းဖြစ်သည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသူ နယ်စပ်ဒေသမှ တိုင်းရင်းသူလေးများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်၏။ သင်တန်းအမှတ်စဉ် (၂၅) အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ သင်တန်းဆင်းပြီး တိုင်းရင်းသူ အရေအတွက်မှာ ၂၉၄၀ ဖြစ်သည်။



သင်တန်းဆင်းကျောင်းသူများ အထည်ချုပ်စက်ရုံများတွင် အလုပ်ဝင်ရောက်နေစဉ်။

ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း ဆင်းပြီးသူများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းနှင့် ညှိနှိုင်းပြီး အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို ဖန်တီးဖော်ဆောင်ပေးခဲ့သည်။ သင်တန်းဆင်းပြီးသူများထဲမှ တိုင်းရင်းသူ ၂၈၄၈ ဦးသည် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ ၂၉ ခု၌ ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။

### ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ

နယ်စပ်ရေးရာဝန်ကြီးဌာနက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း(MHPA)၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်းကာ ယင်းသင်တန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း၌ နှစ်နေရာခွဲ၍ သင်ကြားပို့ချပေးခဲ့သည်။ ပခုက္ကူနှင့်ပုသိမ် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းများတွင် ဖြစ်၏။ ဧည့်ကြိုဝန်ဆောင်မှု၊ ဟိုတယ်အိပ်ဆောင်များ ခင်းကျင်းပြင်ဆင်မှု၊ အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းများကို စာတွေ့သုံးလ၊ လက်တွေ့ သုံးလ စုစုပေါင်း ခြောက်လ တက်ရောက်ရပါသည်။ ဖော်ပြပါ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် စာတွေ့သင်တန်းများ ပို့ချပေးပြီးနောက် လက်တွေ့သင်တန်းများကို ပခုက္ကူသင်တန်းကျောင်းအတွက် ပုဂံဟိုတယ်ဇုန်မှ ဟိုတယ်များတွင်လည်းကောင်း၊ ပုသိမ်သင်တန်းကျောင်းအတွက် ငွေဆောင်ဟိုတယ်ဇုန်မှ ဟိုတယ်များတွင်လည်းကောင်း လျာထားသတ်မှတ်၍ သင်ကြားလေ့ကျင့်ပေးခဲ့သည်။

နည်းပြ၊ နေရာထိုင်ခင်းနှင့် အခြားကန့်သတ်ချက် အချို့ကြောင့် သင်တန်းတစ်ကြိမ်လျှင် ၇၅ ဦးသာ လက်ခံသင်ကြားပေးခဲ့ရာ ပခုက္ကူသင်တန်းကျောင်းတွင် ကျား၊ မ တက်ခွင့်ရခဲ့ပြီး ပုသိမ်တွင် မိန်းကလေးများကိုသာ လက်ခံသင်ကြားပေးခဲ့သည်။ စုစုပေါင်းသင်တန်း ငါးကြိမ်စီဖွင့်လှစ်ခဲ့ပြီး သင်တန်းသားအနေဖြင့် ကျား ၁၈၀၊ မ ၅၇၀ စုစုပေါင်း ၇၅၀ တက်ရောက်အောင်မြင်ကာ ဟိုတယ်အသီးသီးတွင် ကျား ၁၀၉ ဦး၊ မ ၃၃၇ ဦး စုစုပေါင်း ၄၄၆ ဦး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသွားကြပြီဖြစ်သည်။ သင်တန်းအမှတ်စဉ် (၅) အထိ ဖွင့်လှစ်ပြီးနောက် လက်ရှိကြုံတွေ့နေရသော ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ခေတ္တရပ်နားထားကြောင်း သိရှိရပါသည်။ အဆိုပါ သင်တန်းများတွင် ခေတ်မီမော်တာ အထည်ချုပ်သင်တန်းများကဲ့သို့ပင် တက်ရောက်သူ သင်တန်းသား သင်တန်းသူများအတွက် အကျိုးကျေးဇူးများပြားကြောင်း တွေ့ရမည်ဖြစ်သည်။

### အိမ်တွင်းမှုသင်တန်းကျောင်းများ ဘယ်ကစ

နယ်စပ်ရေးရာဝန်ကြီးဌာနဟူ၍ မဖြစ်သေးသော နယ်စပ်/စည်ပင်ဝန်ကြီးဌာနဟု အတိုကောက်ခေါ်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပင် မဖွဲ့ရသေးသော ၁၉၉၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် တာချီလိတ် အိမ်တွင်းမှုသင်တန်းကျောင်းကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကော့သောင်းအိမ်တွင်းမှုသင်တန်းကျောင်းကိုလည်းကောင်း နတလလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံစက်ချုပ်သင်တန်း၊ သိုးမွေးထိုးသင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ ရွှေချည်ထိုး ငွေချည်ထိုးသင်တန်း၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ စက်မှုစိုက်ပျိုးနှင့် အိမ်တွင်းသက်မွေးပညာဦးစီးဌာနမှ ဆရာမကြီးများက အလှည့်ကျ သွားရောက်တာဝန်ထမ်းဆောင်ကြရသည်။ **“စက်၊ စိုက်၊ သက်”** ဟု အတိုကောက်ခေါ်ကြသည်။

ထို့နောက်တွင်မှ ကော့သောင်းအမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ် ဒေါ်ခင်လှရီ(ကွယ်လွန်)၊ ဒေါ်ရင်သောင်း(ရန်ကုန် ဒီဂရီကောလိပ်၊ ကွယ်လွန်)တို့က လည်းကောင်း၊ တာချီလိတ် ကျောင်းအုပ်အဖြစ် ဒေါ်နုနုကြည် (ညွှန်မှူး(ငြိမ်း) နေပြည်တော်စည်ပင်)၊ ဒေါ်ခင်မာချို (ယခု လ/ထညွှန်မှူး၊ ဗဟိုလေ့ကျင့်ရေးကျောင်း) တို့ကလည်းကောင်း ထမ်းဆောင်ခဲ့ကြသည်။ ၁၉၉၂ ခုနှစ်အတွင်းမှာပင် ကျိုင်းတုံ၊ လားရှိုးနှင့် မြိတ်မြို့များ၌ အိမ်တွင်းမှုကျောင်းများ ဆက်လက်ဖွင့်လှစ်ပေးခဲ့သည်။ ကျိုင်းတုံသင်တန်းကျောင်း၏ ပထမဆုံးကျောင်းအုပ်မှာ ဒေါ်သန်းသန်းလွင်(ဒုညွှန်မှူး (ငြိမ်း) ပညာ/ လေ့ကျင့်) ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ပေါ်ပေါက်လာသော နယ်စပ်/စည်ပင်ဝန်ကြီးဌာနနှင့် လက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနတို့က သင်တန်းကျောင်းများ ဆက်တိုက်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ၄၆ ကျောင်း ဖွင့်လှစ်ပြီးဖြစ်သည်။

### ရည်ရွယ်ချက်များ

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ထားရှိဖွင့်လှစ်ခဲ့သည်-

(က) ပြည်ထောင်စုတိုင်းရင်းသူလေးများသည် ပညာရှာမှီးရင်း တိုင်းရင်းသူအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် တိုင်းရင်းသူလေးများ ဖြစ်လာစေရန်။

(ခ) နယ်စပ်ဒေသနှင့် ဆင်းရဲနွမ်းပါးသော ဒေသများရှိ အမျိုးသမီးငယ်များကို အိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်။

*စာမျက်နှာ ၂၁ သို့*



ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း လက်တွေ့သင်ကြားနေစဉ်။

**နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ (Vocational Training) ကို အလေးထားသင်ယူကြစေရေး၊ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းက ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

# ကချင်ပြည်နယ် အစိုးရအဖွဲ့ မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ်အဖြစ် တန်ဆောင်မုန်းလပြည့်ညတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ခြင်း၊ ရှင်ဥပဂုတ္တဖောင်တော်မျှောခြင်း၊ ဆီမီး(၁၀၀၀၀) မီးမျှော ပူဇော်ခြင်း၊ မီးအလှထွန်းညှိခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့အား နိုဝင်ဘာ ၁၈ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဓလေ့ထုံးတမ်းများနှင့်အညီ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သီတာ ရပ်ကွက်ရှိ လောကမာရ်အောင် ဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိရာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက မြန်မာ့ရိုးရာတန်ဆောင်တိုင်ပွဲတော် အထိမ်းအမှတ် ဆီမီးထွန်းညှိပွဲ ကျင်းပရခြင်းနှင့် ပတ်သက်ပြီး သမိုင်းကြောင်းအစဉ်အလာအား ပြောကြားပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဆီမီးထွန်းညှိ ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီးတို့နှင့် တာဝန်ရှိသူများက ရှင်ဥပဂုတ္တ ဖောင်တော်နှင့် ဆီမီး(၁၀၀၀၀)အား ထွန်းညှိပြီး ဧရာဝတီမြစ်အတွင်းသို့ မျှော၍ ပူဇော်ကြကြောင်း သိရသည်။ (ယာပုံ)

ပြည်နယ် (ပြန်/ဆက်)



# ရန်ကုန်-မြိတ်-ရန်ကုန် လေကြောင်း ပုံမှန်ခရီးစဉ်များအား ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ပြေးဆွဲ

**မြိတ် နိုဝင်ဘာ ၁၉**

ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန် - မြိတ် - ရန်ကုန် လေကြောင်းခရီးပုံမှန်ခရီးစဉ်ကို နိုဝင်ဘာ ၁၉ ရက်တွင် ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ပုံသန်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။




"မြန်မာ အမျိုးသား လေကြောင်းအနေနဲ့ ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စေဖို့အတွက် လက်ရှိ ရန်ကုန်-မြိတ်-ရန်ကုန် တိုက်ရိုက်ခရီးစဉ်ကို နေ့စဉ်ပျံသန်းပြေးဆွဲမှာ ဖြစ်ပါတယ်။ ခရီးသည်တွေ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ဖို့ အတွက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်-မြိတ်-ရန်ကုန် ခရီးစဉ်ကို အဓိက နေ့စဉ်ပြေးဆွဲမှာဖြစ်ပြီး မြိတ်-ထားဝယ်၊ မြိတ်- ကော့သောင်း ခရီးစဉ်တွေကို နောက်ပိုင်းမှာ အခါအားလျော်စွာ ပျံသန်းပြေးဆွဲမှာ ဖြစ်ပါတယ် " ဟု မြန်မာအမျိုးသားလေကြောင်း မြိတ်ဌာနခွဲ တာဝန်ခံ ဦးအောင်မိုးဆန်းက ပြောသည်။

ခရီးသွားပြည်သူများ အနေဖြင့် မိမိတို့သွားရောက်လိုသည့် နေ့ရက်များအတွက် လေယာဉ်လက်မှတ်များကို မြန်မာအမျိုးသားလေကြောင်း မြိတ်ဌာနခွဲရုံးနှင့် လက်မှတ်အရောင်း ကိုယ်စားလှယ်များ၌ ဝယ်ယူနိုင်ပါကြောင်း၊ ခရီးသည်များ အဆင်ပြေစေရေးအတွက် ခရီးသည် သွားလာမှုများသည့် နေ့များတွင် ခရီးစဉ်တစ်ခေါက်မှနှစ်ခေါက် တိုးမြှင့်ပျံသန်း ပြေးဆွဲပေးမည် ဖြစ်ကြောင်း သိရသည်။

ခရီးသွား ပြည်သူများ လေကြောင်းခရီးသွားလာရာတွင် ခရီးသွားမည့်နေ့မတိုင်မီ ၄၈ နာရီအတွင်း ကိုဗစ်ကင်းစင်ကြောင်း ဆေးစစ်ဆေးမှု ထောက်ခံချက် ယူဆောင်လာရမည်ဖြစ်ကြောင်း၊ ဆေးစစ်မှု ထောက်ခံချက်ကို ကန်ခေါင်းရပ်ကွက် ပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတွင် စစ်ဆေးရန် သတ်မှတ်ထားကြောင်း၊ မြိတ်မြို့ရှိ ခရီးသွားပြည်သူများအား ရန်ကုန်-မြိတ်-ရန်ကုန်လေကြောင်းခရီးစဉ်ကို မြန်မာအမျိုးသားလေကြောင်း လိုင်းအပြင် Air KBZ နှင့် MAI လေကြောင်းလိုင်းတို့လည်း ပျံသန်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

(ဂ) တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်။

(ဃ) အိမ်တွင်းမှုပညာရပ်များ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး စားဝတ်နေရေးဘက်စုံတိုးတက်၍ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။

(င) အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်။

**သင်တန်းကာလနှင့် အမျိုးအစားများ**

အသက် ၁၆ နှစ်နှင့် ၃၀ အကြား ကျန်းမာရေးကောင်းသူ၊ အရေးအဖတ်တတ်မြောက်၍ အိမ်တွင်းမှုပညာရပ်များကို စိတ်ပါဝင်စားသူ ဖြစ်ရပါမည်။ တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်လျာထား၍ တစ်ကြိမ်လျှင် ရက်သတ္တ ၁၈ ပတ်ကြာမြင့်ပါမည်။ သင်တန်းအမျိုးအစားများမှာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အိမ်တွင်းလက်မှုသင်တန်း (ကြိမ်/ဝါး)စသည်တို့နှင့် အထက်တွင်တင်ပြခဲ့သော ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာသင်တန်းများ ဖြစ်ပါသည်။ အဆင့်မြင့်အိမ်တွင်းမှုသက်မွေးပညာရပ်များကို သင်တန်းကျောင်းများတွင် ကျွမ်းကျင်စွာ ပြန်လည်ပို့ချနိုင်ရန်အတွက် သင်တန်းကျောင်းအုပ်များ၊ ဒုကျောင်းအုပ်များ၊ နည်းပြများကိုယ်တိုင် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် မွမ်းမံသင်တန်းများ တက်ရောက်စေခဲ့ပါသည်။



ခေတ်မီမော်တာစက်ချုပ်သင်တန်း လက်တွေ့သင်ကြား။

**ဘဝကိုအလှဆင် ဒေသကိုအကျိုးပြု**

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ စတင်ဖွင့်လှစ်သည့် ၁၉၉၂ ခုနှစ်မှ ယနေ့အထိ သင်တန်းသူဦးရေ စုစုပေါင်း ၉၁၉၅၆ ဦး လေ့ကျင့်သင်ကြားပေးပြီး ဖြစ်ပါသည်။ ယင်းသို့ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သော တိုင်းချစ်ပြည်ချစ်စိတ် မျိုးချစ်စိတ်တို့ဖြင့် မိမိတို့အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားလေးစားမြတ်နိုးတတ်သော အမျိုးကောင်းသားသမီးများစွာ ပေါ်ထွက်စေခဲ့သည်။ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ်များ၏ လူမှုဘဝကို မြင့်မားတိုးတက်စေခဲ့သည်။ လက်မှုအတတ်ပညာများကို မိမိတို့ဒေသအလိုက် လက်ဆင့်ကမ်းပြန့်ပွားစေခဲ့သည်။ တစ်နည်းဆိုရသော် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများသည် တိုင်းရင်းသူလေးများ၏ဘဝကို အလှဆင်ပေးသော၊ နယ်စပ်ဒေသ အသီးသီးကိုလည်း အကျိုးပြုနေသော သင်တန်းကျောင်းများ ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ (Vocational Training) ကို အလေးထားသင်ယူကြစေရေး၊ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းက ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင် ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## လက်စတာ VS ချယ်ဆီး

20–11–2021 | Game Week 12 | KO 19:00

**လက်စတာ၏ နောက်ဆုံးနှစ်ပွဲရလဒ်**

| | | |
|---|---|---|
| လက်စတာ | ၁ - ၁ | စပါးတပ် |
| လိဒ်စ် | ၁ - ၁ | လက်စတာ |

**ချယ်ဆီး၏ နောက်ဆုံးနှစ်ပွဲရလဒ်**

| | | |
|---|---|---|
| မယ်လ်မို | ၀ - ၁ | ချယ်ဆီး |
| ချယ်ဆီး | ၁ - ၁ | ဘန်လေ |

ယခုပွဲစဉ်မှာ လက်စတာအသင်းအနေနဲ့ အမှတ်ပေးဇယားဦးဆောင်သူ ချယ်ဆီးအသင်းကို အိမ်ကွင်းမှာ လက်ခံယှဉ်ပြိုင်ကစားရမှာပါ။ ယခုနှစ်ရာသီ ပွဲစဉ် (၁၁) အပြီးမှာ လက်စတာအနေနဲ့ ရဂိုးက ၁၆ ဂိုးသာရှိပြီး ပေးဂိုးက ၁၈ ဂိုးအထိ ရှိနေတဲ့အတွက် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတာ တွေ့ရတယ်။ ပြိုင်ဘက် ချယ်ဆီးအသင်းက ပရီမီယာလိဂ်မှာ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပြီး တိုက်စစ်ကလည်း လီဗာပူးအသင်းပြီးရင် ဒုတိယအကောင်းဆုံးအသင်းအဖြစ် ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် လက်စတာအနေနဲ့ ချယ်ဆီးအသင်းကို အသာရဖို့ မလွယ်ပါဘူး။ အထူးသဖြင့် ချယ်ဆီးအသင်းဟာ ဒုတိယနေရာမှ မန်စီးတီးအသင်းကို ရမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့အတွက် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် သေသေချာချာပြင်ဆင်လာမှာပါ။ ပြိုင်ပွဲစုံလေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ လက်စတာအသင်း နိုင်ပွဲရရှိရေးဦးတည်လာမယ့် ချယ်ဆီးကို ကျော်ဖြတ်သွားနိုင်မလား။

## ဝက်ဖို့ဒ် VS မန်ယူ

20–11–2021 | Game Week 12 | KO 21:30

**ဝက်ဖို့ဒ်၏ နောက်ဆုံးနှစ်ပွဲရလဒ်**

| | | |
|---|---|---|
| ဝက်ဖို့ဒ် | ၀ - ၁ | ဆောက်သမ်တန် |
| အာဆင်နယ် | ၁ - ၀ | ဝက်ဖို့ဒ် |

**မန်ယူ၏ နောက်ဆုံးနှစ်ပွဲရလဒ်**

| | | |
|---|---|---|
| အတ္တလန္တာ | ၂ - ၂ | မန်ယူ |
| မန်ယူ | ၀ - ၂ | မန်စီးတီး |

ဝက်ဖို့ဒ်က တန်းဆင်းဇုန်အထက်မှာ နှစ်မှတ်အသာနဲ့ရပ်တည်နေပြီး ယခုနှစ် ရာသီ စပါး၊ လီဗာပူး၊ အာဆင်နယ်စတဲ့အသင်းကြီးတွေနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်တွေမှာ နိုင်ပွဲရယူနိုင်ခြင်း မရှိဘဲ ရှုံးပွဲကြုံတွေ့ထားတာပါ။ ဒါ့အပြင် ဝက်ဖို့ဒ်အသင်းအနေနဲ့ ယခုပွဲစဉ်ပြီးရင်လည်း လက်စတာ၊ ချယ်ဆီး၊ မန်စီးတီးစတဲ့အသင်းကြီးတွေနဲ့ ဆက်တိုက်ကစားရဖို့ ရှိပါတယ်။ မန်ယူအသင်းကလည်း နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံလေးပွဲမှာ နိုင်ပွဲတစ်ပွဲသာ ရှိထားပြီး သရေတစ်ပွဲနဲ့ ရှုံးပွဲနှစ်ပွဲကြုံတွေ့ထားတာကြောင့် နည်းပြဆိုးလ်ရှားအတွက် ဖိအားတွေနဲ့ ရင်ဆိုင်နေရသလို ယခုပွဲစဉ်ပြီးရင်လည်း ဗီလာရီးရဲ၊ ချယ်ဆီး၊ အာဆင်နယ်စတဲ့အသင်းကြီးတွေနဲ့ ဆက်တိုက်ရင်ဆိုင်ရမှာဖြစ်တာကြောင့် ဆိုးလ်ရှားအတွက် ယခုပွဲစဉ်က မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ခံစစ်အမှားများနေဆဲဖြစ်တဲ့ မန်ယူအသင်းအနေနဲ့ တန်းဆင်းဇုန်နဲ့ ရမှတ်ကွာဟဖို့ ကြိုးစားလာမယ့် ဝက်ဖို့ဒ်ကို အနိုင်ယူနိုင်မလား။

နိုင်ငံပွဲစဉ်တွေ ယှဉ်ပြိုင်ကစားအပြီးမှာ လိဂ်ပွဲစဉ်တွေကို ယခုတစ်ပတ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၁၂) မှာ လက်စတာနဲ့ ချယ်ဆီး၊ ဝက်ဖို့ဒ်နဲ့ မန်ယူ၊ လီဗာပူးနဲ့ အာဆင်နယ်၊ မန်စီးတီးနဲ့ အဲဗာတန်အသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒါကြောင့် ယခုအပတ်မှာ ဘယ်အသင်းက ရမှတ်အပြည့်ရယူသွားနိုင်မလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



**လီဗာပူးနှင့် အာဆင်နယ်၏ နောက်ဆုံးနှစ်ပွဲရလဒ်**

| | | | |
|---|---|---|---|
| အာဆင်နယ် | ၀ - ၃ | လီဗာပူး | ပရီမီယာလိဂ် |
| လီဗာပူး | ၀ - ၀ | အာဆင်နယ် | လိဂ်ဖလား |
| ပယ်နယ်တီ | ၄ - ၅ | | |

## တိုက်စစ်ထက်မြက်နေတဲ့ လီဗာပူးကို အန်းဖီးလ်မှာ အနိုင်ရဖို့ မလွယ်တဲ့ အာဆင်နယ်

## လီဗာပူး VS အာဆင်နယ်

21–11–2021 | Game Week 12 | KO 00:00

ယခုပွဲစဉ်မှာ လီဗာပူးအသင်းအနေနဲ့ ရလဒ်ကောင်းရယူပြီး အမှတ်ပေးဇယားဦးဆောင်သူ ချယ်ဆီးအသင်းကို ဖိအားပေးဖို့ ကြိုးစားလာမှာပါ။ အာဆင်နယ်အသင်းကလည်း နောက်ဆုံးလေးပွဲမှာ လေးပွဲစလုံးနိုင်ပွဲရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေပါတယ်။ လီဗာပူးအသင်းမှာ ဆာလာခြေစွမ်းပြ ဂိုးတွေသွင်းယူထားနိုင်သလို အာဆင်နယ်အသင်းမှာလည်း စမိုရိုဝီနဲ့ အူဘာမီယန်တို့ ဂိုးသွင်းခြေပြန်ရလာတာကို တွေ့ရတယ်။ ဒါပေမယ့် လီဗာပူးအသင်းက ယခုနှစ်ရာသီ ပရီမီယာလိဂ်မှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပြီး ဗန်ဒိုက်ဦးဆောင်တဲ့ ခံစစ်ကလည်း ပေးဂိုးအနည်းငယ်သာ ခွင့်ပြုထားရတာကြောင့် အာဆင်နယ်အသင်းအထက် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာ လီဗာပူးအသင်းက သာလွန်နေတာ တွေ့ရတယ်။ ဒီနှစ်သင်းရဲ့ ရမှတ်ကွာဟမှုက နှစ်မှတ်သာရှိတာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ မည်သို့ပင်ဆိုစေ လီဗာပူးအသင်းရော အာဆင်နယ်အသင်းပါ နိုင်ပွဲရရှိရေး အာရုံစိုက်ကစားလာမှာဖြစ်တာကြောင့် ဒီနေ့ပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ကြုံတွေ့သွားမလဲ စောင့်ကြည့်ရမှာပါ။

CHAMPIONS LEAGUE

ယခုတစ်ပတ် နိုဝင်ဘာ ၂၃ ရက်၊ ၂၄ ရက်မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဗီလာရီးရဲနဲ့ မန်ယူ၊ အက်သလက်တီကို မက်ဒရစ်နဲ့အေစီမီလန်၊ ဘာစီလိုနာနဲ့ ဘင်ဖီကာအသင်းတို့ တွေ့ဆုံတဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## နောက်တစ်ဆင့်တက်ရောက်ရေးအတွက် အေစီမီလန်ကို အနိုင်ကစားရမယ့် အေတီမက်

## အေတီမက် VS အေစီမီလန်

25–11–2021 | Game Week 5 | KO 02:30

**အုပ်စု (B) မှ အမှတ်ပေးဇယားရပ်တည်မှု**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| လီဗာပူး | ၄ | ၄ | ၀ | ၀ | ၁၂ |
| ပေါ်တို | ၄ | ၁ | ၂ | ၁ | ၅ |
| အေတီမက် | ၄ | ၁ | ၁ | ၂ | ၄ |
| အေစီမီလန် | ၄ | ၀ | ၁ | ၃ | ၁ |

အမှတ်ပေးဇယားရပ်တည်မှုအရ နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အက်သလက်တီကို မက်ဒရစ်အသင်းအနေနဲ့ ယခုပွဲစဉ်မှာ အေစီမီလန်အသင်းကို အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ပြိုင်ဘက်အေစီမီလန်အသင်းအနေနဲ့လည်း ယခုပွဲစဉ်ကို အနိုင်ရရှိမှသာလျှင် နောက်တစ်ဆင့် တက်ရောက်နိုင်ရေး မျှော်လင့်ချက် ဆက်လက်ရှင်သန်လာမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ အေတီမက်အသင်းရော အေစီမီလန်အသင်းပါ ချန်ပီယံလိဂ်မှာ ကစားခဲ့တဲ့ လေးပွဲမှာ ခံစစ်က သွင်းဂိုးခြောက်ဂိုးအနည်းဆုံး ခွင့်ပြုပေးခဲ့ရတာကြောင့် ခံစစ်ပိုင်းအားနည်းနေတာကို တွေ့ရတယ်။ ဒါကြောင့် ဘယ်အသင်းက အနိုင်ရရှိသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ဗီလာရီးရဲ VS မန်ယူ

24–11–2021 | Game Week 5 | KO 00:15

မန်ယူအသင်းအနေနဲ့ အုပ်စု (F) မှာ လေးပွဲကစားပြီး ဗီလာရီးရဲအသင်းနဲ့ ရမှတ် ၇ မှတ်နဲ့တူ ထိပ်တိုက်တွေ့ဆုံမှုအသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသော်လည်း နောက်တစ်ဆင့်တက်ရောက်ရန် ယခုပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေပါတယ်။ ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့ မန်ယူအိမ်ကွင်းမှာ မန်ယူက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ မန်ယူအနေနဲ့ ယခုပွဲစဉ်မှာ ဗီလာရီးရဲကို နိုင်ရင် နောက်တစ်ဆင့်တက်ရောက်ရေး နီးစပ်သွားမှာ ဖြစ်ပါတယ်။

### ဘာစီလိုနာ VS ဘင်ဖီကာ

24–11–2021 | Game Week 5 | KO 02:30

ဘာစီလိုနာအသင်းအနေနဲ့ အုပ်စု (E) မှာ လေးပွဲကစားပြီး ခြောက်မှတ်သာ ရရှိထားပြီး ဘင်ဖီကာအသင်းကလည်း လေးမှတ်ရရှိထားပါတယ်။ ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းက နောက်တစ်ဆင့်တက်ရောက်ထားနိုင်သလို ဘာစီလိုနာအနေနဲ့ ယခုပွဲစဉ်မှာ ဘင်ဖီကာကို အနိုင်ရရှိရင် နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ် တာကြောင့် နည်းပြသစ် ဇာဗီအနေနဲ့ အသင်းကို အကောင်းဆုံး ပြင်ဆင်လာမှာပါ။ ဘင်ဖီကာကလည်း ဘာစီလိုနာကို အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- အေစီမီလန်တိုက်စစ်မှူး အီဗရာဟီမိုဗစ်သည် အသင်းနှင့် စာချုပ်သက်တမ်းတိုးဖွယ်ရှိကြောင်း သိရသည်။ အသက် ၄၀ အရွယ် မိုဗစ်သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီတွင် အေစီမီလန်နှင့် ပြန်လည်ပေါင်းထုပ်ခဲ့ပြီး နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် အသင်းနှင့် ၂၀၂၃ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးရန် ရည်ရွယ်နေခြင်း ဖြစ်သည်။
- မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းမှ အသက် ၂၄ နှစ်အရွယ် နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီ ဒီဂျောင်ကို ခေါ်ယူရန် နီးစပ်နေသည်။
- စပါးနည်းပြ ကွန်တီသည် အဲဗာတန်အသင်းမှ အင်္ဂလန်ဂိုးသမား ပစ်ဖို့ဒ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ကွန်တီသည် စာချုပ်သက်တမ်းနောက်ဆုံးနှစ်ထဲသို့ ရောက်ရှိလာပြီဖြစ်သည့် ဂိုးသမားလောရစ် (၃၅နှစ်) ၏ နေရာကို ပစ်ဖို့ဒ်ဖြင့် အစားထိုးရန် ဆန္ဒရှိနေခြင်း ဖြစ်သည်။
- အာဆင်နယ်သည် အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား လာကာဇက် (၃၀နှစ်) ကို ကာလတိုစာချုပ်ချုပ်ဆိုလိုနေသည်။ လာကာဇက်သည် ယခုနှစ်ရာသီတွင် အသင်းအတွက် ကိုးပွဲတွင် သုံးဂိုးသွင်းယူပေးထားသည်။
- ချယ်ဆီးသည် စာချုပ်ဖျက်သိမ်းကြေး ပေါင် ၄၂ သန်း ရှိသော ဘာစီလိုနာကွင်းလယ်ကစားသမား ဂါဗီ (၁၇နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ မိုးဇက် - စုစည်းသည်

# ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် နိုဝင်ဘာ ၁၉**

ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ နယ်မြေခံတပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍(ယာပုံ)တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆင်ပေါင်ဝဲမြို့နယ် အောက်ဆီဂျင်စက်မှ လိုအပ်သည့်နေရာများသို့ အောက်ဆီဂျင်များ ဖြန့်ဝေပေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ပြည်သူများနှင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် အောက်ဆီဂျင် လုံလောက်စွာ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ပေးအပ်မှုဖြင့် ဆင်ပေါင်ဝဲမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက် လည်ပတ်ကာ မြို့နယ်အတွင်းမှ လိုအပ်သည့်နေရာများသို့ အောက်ဆီဂျင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အောက်ဆီဂျင်စက်ကိုမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မွန်စိုးရီတို့၏ ကြီးကြပ်မှုဖြင့် လည်ပတ်နေခြင်းဖြစ်ကာ အဆိုပါ အောက်ဆီဂျင်စက်ရုံမှ တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးအလုံး ၈၀ ထုတ်လုပ်နိုင်ပြီး မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အရေးပေါ် အောက်ဆီဂျင်လိုအပ်မှုများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၉၈ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၀ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ် ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

### ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၄၂ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိမြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၀ ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၉၈၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၆၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၇၅၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၃၀၀ ၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၇၇၀ ၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၃၀ ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၄၀၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၈၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ပူးပေါင်းဆောင်ရွက်

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် နောင်ချိုမြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၀၈၄ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၇၆ ဦး၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၀၈ ဦး၊ ရခိုင်ပြည်နယ် မြေပုံမြို့၌ ကျောင်းသား ကျောင်းသူ ၁၉၂၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၈၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ လေကြောင်းဖြင့် ပြန်လည်ဝင်ရောက်လာသူ ၅၉ ဦးအနက် ၂၂ ဦးတွင် ကိုဗစ်-၁၉ ပိုးတွေ့

**မင်္ဂလာဒုံ နိုဝင်ဘာ ၁၉**
မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်တွင် ယမန်နေ့ညပိုင်းက မင်္ဂလာဒုံမြို့နယ်ကြက်ခြေနီအရေးပေါ်ကားများဖြင့် ကြိုဆိုပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးစခန်း၌ ထားရှိ၍ ယနေ့တွင် ကိုဗစ်-၁၉ စစ်ဆေးပေးသည်။

မင်္ဂလာဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှိမ်နင်းထိန်းချုပ်ရေးနှင့် ကုသရေးစုပေါင်းအဖွဲ့က ထိုင်းနိုင်ငံမှ ပြန်လာသည့် အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၃၆ ဦးတို့အား RDT Test Kit ဖြင့် စစ်ဆေးပေးရာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၁ ဦးတို့တွင် ရောဂါပိုးတွေ့ရှိသဖြင့် ၎င်းတို့အား ပုလဲဆေးရုံကြီးတွင် ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာသို့ ပို့ဆောင်ပြီး ပိုးမရှိသူများအား မိသားစုများရှိရာသို့ ပို့ဆောင်ပေးမည်ဟု သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ လေယာဉ်ခရီး၊ မော်တော်ယာဉ်ခရီးများဖြင့် ပြန်လည်ဝင်ရောက်လာသူများအား မင်္ဂလာဒုံအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးစခန်းတွင် ရောက်ရှိကြောင်း စာရင်းသွင်းပြီးနောက် ထောက်ကြန့်စင်တာတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိမရှိစစ်ဆေးမှုခံယူစေပြီးမှ မိမိတို့သွားလိုရာအရပ်သို့ သွားနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

**သန္တာ(ပြန်/ဆက်)**



# ခန္တီးမြို့ မိုးစပါးစံပြကွက်ရိတ်သိမ်းမှုမှ ၁၂၈ တင်းနှုန်းထွက်ရှိ

**ခန္တီး နိုဝင်ဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါး တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး စံပြကွက်၌ ၀ ဒသမ ၁ ဧက စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ပေါမိုင်းအုပ်စု သာစည်ရပ်ကွက်ရှိ တောင်သူတစ်ဦး၏ စံပြကွက်၌ ပြုလုပ်သည်။



စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းဝေက ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးစံပြကွက် ၁၀ ဧက စိုက်ပျိုးခဲ့ပြီး ယခု တစ်ဧကအထွက်နှုန်း ခန့်မှန်းသိရှိနိုင်ရန် ၆၆ ပေပတ်လည် ၀ ဒသမ ၁ ဧက စံကွက်ရိတ်သိမ်းခြင်းဖြစ်ကြောင်း ပြောကြား၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါစံပြကွက်ကို စိုက်ပျိုးသည့် ဒေသခံတောင်သူ ဦးကျော်စံဝင်းက စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုအရ သိပ္ပံနည်းကျစိုက်နည်းစနစ်များအတိုင်း ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်း ပြောကြားသည်။ **ဟန်ထွန်း(အင်း၀)**

# ဂျပန်နိုင်ငံ၏ MBA ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၉**
ဂျပန်နိုင်ငံအစိုးရ၏ Young Leaders Program (YLP) အစီအစဉ်ဖြင့် Master of Business Administration (MBA) တစ်နှစ် ပညာသင်ဆု အစီအစဉ်ကို လမ်းမတော်မြို့နယ် UMFCCI ရုံးတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

အနာဂတ်ခေါင်းဆောင်များ မွေးထုတ်ပေးရန်၊ ဂျပန်နှင့် အာရှနိုင်ငံများအကြား မူဝါဒရေးရာ စီစဉ်ဆောင်ရွက်မှု အရည်အသွေးများ တိုးတက်ပြီး ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲလာစေရန်နှင့် ဂျပန်နိုင်ငံအကြောင်း ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်သည့် ယင်းပညာသင်ဆုကို သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ သို့မဟုတ် ဝန်ထမ်းများ၊ ကုန်သည်စက်မှုအသင်းချုပ် အသင်းဝင်ကုမ္ပဏီများ၏ အဖွဲ့ဝင်များ သို့မဟုတ် ဝန်ထမ်းများ လျှောက်ထားနိုင်မည်ဖြစ်သည်။

လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာများကို အသင်းချုပ်ရုံး HRD ဌာနတွင် လာရောက်ထုတ်ယူပြီး ပြည့်စုံစွာဖြည့်စွက်၍ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင် သို့မဟုတ် ဝန်ထမ်း၊ ကုန်သည်စက်မှုအသင်းချုပ် အသင်းဝင်ကုမ္ပဏီများမှ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာ၊ Passport မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အနည်းဆုံးသက်တမ်း တစ်နှစ်ရှိ UMFCCI အသင်းဝင်ကတ်မိတ္တူ၊ ပညာသင်ဆုလျှောက်လွှာ မူရင်းနှင့်မိတ္တူတစ်စုံ ပူးတွဲလျက် ၃၀-၁၁-၂၀၂၁ နောက်ဆုံးထားပြီး ယင်းအသင်းချုပ် HRD ဌာန၌ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# မိုင်းဆတ်မြို့၌ အမျိုးသားအောင်ပွဲနေ့အကြို သချ်ာဉာဏ်စမ်းပြိုင်ပွဲကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၁၉**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘက်စုံသုံးခန်းမ၌ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို သချ်ာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့ ကျင်းပသည်။

နိုဝင်ဘာ ၂၈ ရက်တွင်ကျရောက်မည့် (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း အခြေခံပညာကျောင်းအချို့ ပိတ်ထားချိန်တွင် ကျောင်းသား ကျောင်းသူများ သချ်ာဉာဏ်ရည်ထက်မြက်မှုရှိစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျောင်းသင်ခန်းစာသင်ကြားချိန်တွင် အထောက်အကူပြုစေရန်နှင့် စာကြည့်တိုက်နှင့်ရင်းနှီးမှုရရှိစေရန်လည်းကောင်း ရည်ရွယ်၍ သချ်ာဉာဏ်စမ်းပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပပေးခြင်းဖြစ်ကာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**



# နတ်မောက်မြို့နယ်၌
# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီးစီး

**နတ်မောက် နိုဝင်ဘာ ၁၉**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ဒေသခံတောင်သူများအား ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၇ ရက်မှစတင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန် ချက်များနှင့်အညီ စနစ်တကျ ထုတ်ချေးပေးခဲ့ရာ ယခုအခါ အောင်မြင်စွာ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို နတ်မောက်မြို့နယ်အတွင်းရှိ ၂၀၂၀ မိုးဘဏ်ချေးငွေပြေကျေပြီး ၎င်းတို့၏ဆန္ဒအရ ထုတ်ချေးသည့် ကျေးရွာအုပ်စု ၇၀ မှ ဘဏ်အဖွဲ့ဝင်တောင်သူ ၈၇၇၆ ဦးအား ထုတ်ချေးပေးခဲ့ပြီး စပါး ၂၄၆၈ ဧက၊ မြေပဲ ၆၀၅ ဧက၊ နှမ်း ၄၂၂၅၂ ဧကအတွက် ချေးငွေပမာဏကျပ် ၄၆၅၅၉ သိန်းကို စနစ်တကျ တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်မိုးမိုးသိန်းထံမှ သိရသည်။

**လှဝင်း**

# အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘုတ်ပြင်း နိုဝင်ဘာ ၁၉**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့နယ်အားကစားခန်းမ၌ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ဗိုလ်လုပွဲတွင် STL(1) အသင်းနှင့် STL(2)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကျင်းပပြီး အကောင်းဆုံးအားကစားသမားဆု၊ တတိယဆုရရှိသည့် STL (3) အသင်း၊ ဒုတိယဆုရရှိသည့် STL(1) အသင်းနှင့် အနိုင်ရဗိုလ်စွဲခဲ့သည့် STL (2) အသင်းတို့အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်နန်းခိုင်(ဘ)ဦးအောင်ထွန်း ၉/ဝတန(နိုင်)၁၄၆၇၂၉အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သုံးဒေါင့်အိုင်အုပ်စု၊ ကျင်းရွာနေ ဒေါ်သောင်းခင်(ဘ) ဦးသင်း ၉/ဝတန(နိုင်)၀၁၅၈၁၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်–

ကျွန်ုပ်အမှုသည်၏သားဖြစ်သူ မောင်နန်းခိုင်သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် ၎င်းသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသည်။ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် မောင်နန်းခိုင်အား ယခုကြော်ငြာထည့်သည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မောင်နန်းခိုင်နှင့်ပတ်သက်သော ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်ကိုမျှ ကျွန်ုပ်အမှုသည်သည် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ကြောင်းနှင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း မောင်နန်းခိုင်နှင့် အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်သောင်းခင်(ဘ)ဦးသင်း**
**၉/ဝတန(နိုင်)၀၁၅၈၁၈**

**လွှဲအပ်ချက်အရ–**
**ဦးဝင်းမျိုးသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၀၄)**
**၅၈x၅၉ လမ်းကြား၊ ၄၀x၄၁ လမ်းကြား၊**
**ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၇၈၁၅၄၀၈၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/7408, TOYOTA CALDINA CT 106, S/W(4X2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်မိုးမြင့် ၁၂/မဂဒ(နိုင်)၀၀၀၉၉၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/66276, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဝင်း ၇/ပခန(နိုင်)၃၂၅၈၂၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/2985, ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၇/ဒဥန(နိုင်)၁၁၂၁၉၃ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကြာဘက်ကုန်းကျေးရွာအထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မယွန်းလဲ့လဲ့ဝေ၏ မိခင်အမည်မှန်မှာ ဒေါ်တင်စိန် ဖြစ်ပါသည်။

**ဒေါ်တင်စိန်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၁)ခု အောက်တိုဘာလမှ(၂၀၂၂)ခု မတ်လအထိ (၆)လကာလအတွင်း ကုသရေးဦးစီးဌာနလက်အောက်ရှိ COVID Medical Centerများနှင့် ပြည်သူ့ဆေးရုံများတွင် အသုံးပြုရန်အတွက် COVID –19 ကုသရေးဆေးဝါးများ၊ COVID Reagent နှင့် Consumableများ၊ Blood Safety ပစ္စည်းများအား ဝယ်ယူရန် တင်ဒါခေါ်ယူအပ်ပါသည်။အိတ်ဖွင့်တင်ဒါ MOH Website: etender-mohs.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါစည်းမျဉ်း စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၆၇–၃၄၁၁၆၂၈၊ ၀၆၇–၃၄၁၁၆၃၄

| | |
|---|---|
| **တင်ဒါအမှတ်** | – cutd.8.dms(2021–2022)mini |
| **တင်ဒါစတင်ရောင်းချမည့်ရက်** | – ၁၉–၁၁–၂၀၂၁ရက် |
| **တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက်** | – ၃–၁၂–၂၀၂၁ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်** | – ၁၇–၁၂–၂၀၂၁ ရက်၊ မွန်းတည့် ၁၂ နာရီတိတိ |
| **တင်ဒါပိတ်ဖွင့်မည့်ရက်နှင့်အချိန်** | – MOH Website တွင် အနည်းဆုံး ၃ရက် စော၍ အသိပေးကြေညာမည် ဖြစ်ပါသည်။ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့သစ်နေ (ဘ) ဦးတင်ကြိုင် ၇/ထတပ(နိုင်)၀၃၄၉၃၇၏သမီးဖြစ်သူ ကျွန်မ ဒေါ်စန္ဒာ ၇/ထတပ(နိုင်)၀၇၁၀၀၉ ၏ ခင်ပွန်းဖြစ်သူ ဦးဇော်လတ်(ခ)ဦးဇော်မြတ်သူ ၇/ထတပ(နိုင်)၀၆၈၄၆၁ နှင့် ၅–၈–၂၀၂၁ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးဇော်လတ်နှင့်ပတ်သက်သည့် ကိစ္စအဝဝများသည် ကျွန်မ ဒေါ်စန္ဒာ နှင့်ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့သည့်အပြင် မြတ်–ဆီဆိုင်ရောင်းဝယ်ရေးနှင့်ပါ လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာ ၇/ထတပ(နိုင်)၀၇၁၀၀၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၂၈)၊ သုမင်္ဂလာ၊ ဦးပိုင်အမှတ်(၁၄–ဃ)၊ မြေဧရိယာ(၀.၁၉၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုင်း လောင်လင်း ၁၃/ကမန(နိုင်)၀၆၇၅၇၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မစိုးရိမ်(၂)လမ်း၊ အိမ်အမှတ် ၁၄/၁၃၅နေ ဦးမြသိန်း–ဒေါ်မြသီတာလှိုင်တို့၏သား မောင်စိုးမြတ်မင်း ၉/ပမန(နိုင်)၂၈၇၅၄၂သည် မိဘ၏ဆိုဆုံးမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းတို့နှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြသိန်း–ဒေါ်မြသီတာလှိုင်**
**ပျဉ်းမနားမြို့**

## အမည်အမှတ်တံဆိပ် သတိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ငြိမ်းအေးချမ်းသာလမ်း၊ အမှတ်(A–1)နေ ဦးဝမ်းမောင်သစ်(ဘ)ဦးရွှေဘော် ၉/သစန(နိုင်)၀၈၈၆၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

"My Coffee"

**စာချုပ်အမှတ်(၃၂၆/၂၀၁၉)**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝမ်းမောင်သစ်သည် "My Coffee" အမည်ကို တစ်ဦးတည်း မူပိုင်အမည် အမှတ်တံဆိပ်အဖြစ် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင် ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၃၂၆/၂၀၁၉)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ထို့အပြင် (၈–၁–၂၀၂၁)ရက်တွင် မြန်မာ့တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မူပိုင်အမှတ်တံဆိပ် သုံးစွဲခွင့်အား မူပိုင်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် စာရင်းပေးသွင်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအမည် အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ကော်ဖီလုပ်ငန်း လုပ်ကိုင်ခြင်းအပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများအား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူရိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြရန်နှင့် မည်သူမဆို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝမ်းမောင်သစ်၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်လုပ်ဆောင်လာခဲ့ပါက တရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကုဋ္ဌေထွန်း(စဉ်––၁၁၇၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း–၀၉–၄၀၂၆၁၇၂၂၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ ရွှေလီလမ်း၊ မြေကွက်အမှတ် (၂၅၃၁)၊ (၂၅၃၄)၊ အကျယ်အဝန်း (၄၅'x၆၀')စီရှိ ဧရိယာ ၀ဒသမ၀၆၂ဧကစီရှိ နှစ် ၆၀ ဂရန်မြေကွက် နှစ်ကွက်အပါအဝင် ယင်းမြေကွက်နှစ်ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်ဖြိုးသန္တာ ၁၂/ရကန(နိုင်)၀၇၄၅၁၃ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှအဆိုပါမြေကွက် နှစ်ကွက်နှင့် ယင်းမြေကွက် နှစ်ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ၎င်းကိုယ်တိုင်တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက် နှစ်ကွက်နှင့်တကွ ယင်းမြေကွက်နှစ်ကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ် ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၅၇၇၆)**
**အမှတ် (S–1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ဒေါ်သန်းသန်းအေး ၁၃/မယတ(နိုင်)၀၀၀၀၂၁၊ ဥက္ကဋ္ဌ(ရှမ်းရွှေမြေ–၂)ခရီးသည် သယ်ယူပို့ဆောင်ရေး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေးသည် (၂၀၁၇–၁၈)ခုနှစ်မှစ၍ တာချီလိတ်–မိုင်းဆတ်–မိုင်းတုံ–နားကောင်းမူး–တောင်ကြီးခရီးစဉ်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ခရီးသည်နှင့် ကုန်စည်များအား လိုင်စင်ရှိမော်တော်ယာဉ်များဖြင့် ယနေ့အချိန်အထိ ပြေးဆွဲလျက်ရှိပါသည်။ သို့ရာတွင် ၂၀၂၁ခုနှစ် နိုဝင်ဘာ ၉ရက်နေ့နှင့် ၁၂ ရက်နေ့တို့တွင် သတင်းမီဒီယာတစ်ခုတွင် ပုဂ္ဂိုလ်ရေး မကျေနပ်ချက်အပေါ် အခြေခံ၍ လွဲမှားစွာဖော်ပြခဲ့သောကြောင့် ခရီးသည်ပို့ဆောင်ရေးအသင်း၏ အမည်နှင့် ဂုဏ်သိက္ခာများစွာ ထိခိုက်ခဲ့ရပါသည်။ အဆိုပါအခြေအနေမှန်သိရှိပြီး နိုဝင်ဘာ ၁၂ ရက်နေ့တွင် တင်ခဲ့သော ပို့စ်(၂)ခုအားဖြုတ်ချပေးခဲ့ပါသည်။ ယင်းသို့ ဖြုတ်ချပေးခဲ့သော်လည်း သက်ဆိုင်ရာဦးစီးဌာနမှ ခေါ်ယူဆွေးနွေးခြင်းခံရသဖြင့် များစွာစိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ယခု ကြေညာသည့်ရက်မှ စ၍နောင်တွင် ရှမ်းရွှေမြေ (၂) ခရီးသည်ပို့ဆောင်ရေးနှင့် ပတ်သက်ပြီး မမှန်မကန် စွပ်စွဲ ရေးသားပြောဆိုနေသူများအား တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**(ဦးသိန်းလွင်)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၂၂)**
**တာချီလိတ်မြို့**
**ဖုန်း–၀၉–၄၅၁၈၁၈၉၅၀**

○ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲနောက်ဆုံးအဆင့်အတွက် နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၇ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလအတွင်း လေ့ကျင့်ပြင်ဆင်မှုများသာပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာနှင့် ဇန်နဝါရီလဆန်းပိုင်းတွင် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲတွင် ထိပ်သီးအသင်းများနှင့် တွေ့ဆုံနေသဖြင့် ပြိုင်ပွဲမတိုင်မီ လုံလောက်သည့်ပြင်ဆင်မှုရရှိစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိချန်ပီယံဂျပန်၊ အာရှထိပ်သီး တောင်ကိုရီးယား၊ အရှေ့တောင်အာရှထိပ်သီး ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် အောက်တိုဘာလက အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ရာ လက်ဘနွန်၊ ယူအေအီးနှင့် ဂူအမ်အသင်းတို့ကိုကျော်ဖြတ်ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/7995 ယာဉ်လက်ဝယ်ရှိသူ Global Fashion Co.,Ltd. က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၈၈

| | | |
|---|---|---|
| ဒေါ်နန်းစံလှိုင်း (တရားလို) | နှင့် | ဒေါ်အေးအေးလွင် (တရားပြိုင်) |

ဒေါ်အေးအေးလွင်၊ အိမ်အမှတ်(၅၁)၊ ငှက်ပျောတောလမ်း၊ကျွန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာ မသိသူ) အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ရက် (၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

# ကသာမြို့တွင် အောက်ဆီဂျင်ထုတ်စက်သစ်ကြီးမှ အောက်ဆီဂျင်များ စတင်ထုတ်လုပ်

**ကသာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အလှူရှင်များ စုပေါင်းလှူဒါန်းထားသော အောက်ဆီဂျင်ထုတ်စက်ကြီးမှ အောက်ဆီဂျင်များ စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ကြီးကို ကသာမြို့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ထားရှိပြီး လည်ပတ်ခဲ့ရာ တစ်နာရီလျှင် လီတာ ၄၀ အိုးလေးလုံး၊ တစ်ရက်လျှင် လီတာ ၄၀ အိုး အလုံး၅၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ကသာမြို့သည် ခရိုင်မြို့ဖြစ်သည့်အတွက် ကသာမြို့နယ်အပြင် ကသာခရိုင်အတွင်းရှိ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ထီးချိုင့်နှင့် ပင်လည်ဘူးမြို့နယ်အတွင်းမှ အရေးပေါ်လူနာများသည် ကသာခရိုင်ဆေးရုံကြီးသို့ တက်ရောက်ကုသလာသူများလည်း ရှိလာသလို အနယ်နယ်အရပ်ရပ်မှ ခရီးသွားများ ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါက ဆေးရုံတက်ရောက်ရသူများရှိလာပြီး အောက်ဆီဂျင် အသုံးပြုရကြောင်းလည်း သိရသည်။ ကသာမြို့တွင် ကိုဗစ်–၁၉ ရောဂါ လျော့ပါးသွားသော်လည်း အခြားဒေသမှ တက်ရောက်ကုသနေသော လူနာများရှိနေပြီး ယင်းလူနာများအတွက် လိုအပ်သော အောက်ဆီဂျင်ကို အသုံးပြုနေရသဖြင့် ကသာမြို့စက်ရုံမှ လုံလောက်မှုမရှိပါက အခြားမြို့နယ်များမှ အကူအညီရယူကာ သုံးစွဲနေရကြောင်းလည်း အောက်ဆီဂျင်ထုတ်စက်ဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

ယခုအခါ ကသာမြို့နယ် အလှူရှင် စေတနာရှင်များကလည်း အောက်ဆီဂျင်ထုတ်စက်ကြီး ရောက်ရှိလာပြီး အရေးကြီးလိုအပ်နေသော အောက်ဆီဂျင်များ ထုတ်လုပ်နိုင်ပြီဖြစ်သဖြင့် ပျော်ရွှင်နေကြကြောင်းလည်း သိရသည်။ အဆိုပါစက်သစ်ကြီးနှင့် အထောက်အကူပစ္စည်းအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ကျော် ကုန်ကျခဲ့ကြောင်း ကသာမြို့အောက်ဆီဂျင်ထုတ်စက်ဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

**လူအောင်(ကသာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် BB/6166,Toyota Probox NCP 55, S/W ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၂/ဒဂတ(နိုင်)၀၃၇၃၃၉ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/9743, Honda Fit GE6, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလွင်ကိုလတ် ၁၂/တမန(ပြု)၀၀၀၃၈၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖခင်အမည်မှန်

ရွှေညောင်မြို့၊ တောင်လေးလုံး၊ အထက၊ Grade–10 မှ မကေဇင်သွယ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအေး ၁၃/တကန(နိုင်)၁၉၄၄၇၈ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းအေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရန်အောင် ၁၃/ပလန(နိုင်)၁၁၄၅၈၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၆၁၄၁၉၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခွန်မျိုးမြင့်သိန်း ၁၃/ကတလ(နိုင်)၀၂၁၉၅၇၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၀၂၁၀၆၃၀**

## အမည်မှန်

ဦးရမ်းပရသပ် ၇/ကတခ(နိုင်)၀၇၆၃၃၁ ၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက (မြို့ချောင်း) Grade–6(B)မှ မောင်ကျော်စိုး၏ အမည်မှန်မှာ မောင်ရာဂျင်ဒါ ဖြစ်ပါသည်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အောင်ပန်းမြို့၊ မင်္ဂလာရပ်၊ စီမားလမ်း၊ အမှတ် (၁၈)နေ ဦးစိန်အောင်–ဒေါ်ခင်သန်းထွေးတို့၏သမီး မနှင်းမို့မို့အောင်(ခ)သူကြီး ၁၃/ကလန(နိုင်)၀၈၃၅၈၆သည် မိဘဖြစ်သူတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်အောင်–ဒေါ်ခင်သန်းထွေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
